# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဒိုင်ဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၆၄)၊ ၁၃၈၈ ခုနှစ် ၊ နယုန်လဆန်း ၆ ရက် ၊ ၂၁-၅-၂၀၂၆၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) ၌ ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးဆန်းဦး၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) သို့ ရောက်ရှိပြီး ထိခိုက်ပျက်စီးခဲ့မှုများအား မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အကြံပြုချက်၊ သတ်မှတ်ချက်များနှင့်အညီ ငလျင်ဒဏ်ခံနိုင်မှုရှိစေရေး အဆင့်အလိုက်၊ အပိုင်းအလိုက် ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) မျက်နှာစာသန့်ရှင်းသာယာလှပရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၃ သို့

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဧလ

## ယနေ့ ဖတ်စရာအညွှန်း


၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆုကို အာဆင်နယ်အသင်း ဆွတ်ခူး

စာမျက်နှာ ၁၁

လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများသို့ အသိပေးတင်ပြခြင်း

စာမျက်နှာ ၁၃

ကျန်းမာရေးအတွက် ဆေးနည်းများ (ဆောင်းပါး)

စာမျက်နှာ ၁၄

၂၀၂၆ ခုနှစ်၊ မေ ၂၁ ရက်၊ ကြာသပတေးနေ့။

မန္တလေး နေ့စဉ်

# စာအုပ်၊ စာပေတို့ကို ဖတ်ရှုလေ့လာနေရမည်

စာပေဆိုသည်မှာ လောကလူသားများအား အသိအလိမ္မာ တိုးပွားရာတိုးပွားကြောင်း လမ်းညွှန်ပြသပေးလျက်ရှိသည်။ စာပေဖတ်ရှုသူသည် အကောင်းအဆိုး၊ အကြောင်းအကျိုးများကို ဉာဏ်ဖြင့် ဆင်ခြင်နိုင်မည်ဖြစ်သည်။ ယနေ့လူငယ်များသည် ဆင်ခြင်ဉာဏ်ကြီးမားသည့် လူတော်လူကောင်းများဖြစ်လာစေရန် အသိအလိမ္မာများတိုးပွားရာ လမ်းညွှန်ပြသပေးနိုင်သည့် စာအုပ်စာပေများကို ဖတ်ရှုလေ့လာရမည်ဖြစ်သည်။ အသိဉာဏ်ရှိသူသည် အမှားများ မကျူးလွန်မိစေရန် ဆင်ခြင်ဉာဏ်ဖြင့် ထိန်းချုပ်ကြရမည်ဖြစ်သည်။

လူကို စိတ်ကအုပ်စိုးသည်။ စိတ်ကို အသိဉာဏ်က အုပ်စိုးသည်။ အသိဉာဏ်ကို ဗဟုသုတက အုပ်ဆိုးသည်ဟူသော ဆိုရိုးစကားကဲ့သို့ အသိဉာဏ်ပြည့်စုံမှု၊ ဆင်ခြင်ဉာဏ်ပြည့်စုံမှုများကို စာပေက ပေးစွမ်းနိုင်သဖြင့် စာအုပ်၊ စာပေတို့ကို ဖတ်ရှုလေ့လာကြရမည်ဖြစ်သည်။ အတားအဆီး အခက်အခဲ လှိုင်းဂယက်များထန်သော ဘဝပင်လယ်၌ သစ္စာအရှိဆုံး၊ အကူအညီအရဆုံး အသံတိတ်မိတ်ဆွေမှာ စာအုပ်စာပေဖြစ်သည်။ ဝမ်းနည်းမှုနှင့် အားငယ်နေချိန်တွင် စိတ်ခွန်အားဖြည့်ဆည်းပေးသော မိတ်ဆွေမှာ စာအုပ်စာပေဖြစ်သည်။ စာအုပ်စာပေများသည် အသိအလိမ္မာများ ကိန်းဝပ်နေပြီး ခပ်ယူသုံးစွဲကာ မကုန်ခန်းနိုင်သော အလိမ္မာစမ်းရေတွင်းကြီးနှင့် တူလှသည်။

လောကတွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ ဆရာအမျိုးမျိုးရှိသည့်အနက် စာပေသည် မြင်ဆရာတစ်မျိုးဖြစ်သည်။ စာအုပ်၊ စာပေဖတ်ရှုခြင်းဖြင့် အသိအမြင်ကြွယ်ဝလာမည်ဖြစ်သည်။ အတွေးအခေါ် အယူအဆမှန်ကန်လာမည်ဖြစ်သည်။ စာအုပ်၊စာပေများသည် ဖတ်ရှုလေ့လာသူများကို ရသအာနိသင်ပေးပြီး စိတ်နှလုံးကိုကြည်လင်အေးမြစေသည်။ စာဖတ်ခြင်းကြောင့် လောဘ အနောင်အဖွဲ့ကိုမြင်စေ၏။ ဒေါသ အချုပ်အနှောင်ကို သိစေ၏။ မာန သံကွန်ချာလှောင်အိမ်ကို တွေ့စေ၏။ စာပေအလင်းဖြင့် လောက အမှောင်ခွင်းသည်။ စာပေတန်ခိုးဖြင့် လူမျိုးဂုဏ်ကို တင့်စေသည်။ စာပေရန့်ဖြင့် လူ့စွမ်းအား သယံဇာတကို မြင့်မားရေးအလို့ငှာ နိုင်ငံတစ်ဝန်းကျေးလက်များအထိ စာကြည့်တိုက်များ တည်ထောင်ပြီး အသိပညာဗဟုသုတရစေရေး ဖော်ဆောင်လျက်ရှိသည်။

စာအုပ်စာပေတို့ကို ဘဝတစ်လျှောက်လုံး မြတ်နိုးတွယ်တာတန်ဖိုးထားလျက် ထာဝရယုဉ်တွဲ ရှင်သန်နေထိုင်ရန်အတွက် ယခုမှစတင်ကာ မိတ်ဆွေကောင်းသဖွယ်ကူညီမည့် စာအုပ်၊ စာပေဖတ်ရှုလေ့လာနေရမည်ဖြစ်သည်။ စာပေသည် လောကလူသားများ၏ ဘဝကို အလင်းပေးစွမ်းနိုင်သော အဖိုးမဖြတ်နိုင်သော ရတနာတစ်ခုဖြစ်သည်။ ဖတ်ရှုနိုင်ရန် စာအုပ်ကောင်းများစွာရှိသော်လည်း ထိုစာပေများကို မဖတ်ရှုပါက အသိပညာဗဟုသုတ မကြွယ်ဝသဖြင့် အကျိုးဆုတ်ယုတ်မှုများစွာဖြင့် တွေ့ကြုံမည်ဖြစ်သည်။

သို့ဖြစ်ရာ မိတ်ဆွေကောင်းသဖွယ် ကူညီသည့် စာအုပ်၊ စာပေဖတ်ရှုလေ့လာနေရမည်ဖြစ်ပြီး စာပေဖတ်ရှုသည့်အလေ့အထကို ငယ်စဉ်မှ စတင်ပျိုးထောင်ရခြင်းဖြစ်ရာ အိမ်မှာ မိဘတို့က အားပေးရန် လိုအပ်သကဲ့သို့ ကျောင်းမှာလည်း စာပေဖတ်ရှုလေ့လာရန် အခွင့်အလမ်းကောင်းများ ဖန်တီးပေးထားရန်လိုသည်။ စာအုပ်၊ စာပေ ဖတ်ရှုလေ့လာခြင်း၏အကျိုးကို ကျောင်းသား၊ ကျောင်းသူများ သိရှိနားလည်ရန် ဆရာ၊ ဆရာမများက ရှင်းလင်းပြောကြားပေးကြရမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူတိုင်း စာဖတ်သူများဖြစ်လာစေရန်လည်း အားပေးတိုက်တွန်းနေရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မြို့နယ်စာရေးဆရာအသင်း နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

**မြစ်သား မေ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြို့နယ်စာရေးဆရာအသင်းနှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရွှေသူဌေးရပ်ကွက်ရှိ CoffeeHouse ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွေးချယ်တင်မြှောက်ပွဲကော်မရှင် ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာဦးပြား(တမ္ဗဝတီ လူထုးကဲ)က အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဆရာဦးမြင့်သိန်း (မိုးခန့်ကျော်-မြစ်သား)က အမှုဆောင်အဖွဲ့ အစီရင်ခံစာကိုဖတ်ကြားခြင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်တို့ကို ဖတ်ကြားခဲ့သည်။ ထို့နောက် လက်ရှိစာရေးဆရာအသင်းဥက္ကဋ္ဌက လက်ရှိအလုပ်အမှုဆောင်အဖွဲ့ကို ဖျက်သိမ်းကြောင်းကြေညာပြီး အမှုဆောင်ကော်မတီအသစ် ငါးဦးတို့ကို တက်ရောက်လာသော စာရေးဆရာများက လျှို့ဝှက်ဆန္ဒမဲပေး ရွေးချယ်ခဲ့ကြပြီး စာရေးဆရာအသင်းဥက္ကဋ္ဌနေရာ၊ အတွင်းရေးမှူးနေရာနှင့် စတုတ္ထအကြိမ် ညီလာခံကိုယ်စားလှယ်များကို ဆန္ဒမဲပေးရွေးချယ်၍ ဘဏ္ဍာရေးမှူး၊ အမှုဆောင်အဖွဲ့ဝင်(၁)၊ အမှုဆောင်အဖွဲ့ဝင်(၂)တို့ကို ဆက်လက် ရွေးချယ်ပေးခဲ့သည်။

အခမ်းအနားသို့ ရွေးချယ်တင်မြှောက်ပွဲကော်မရှင် ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာဦးပြား(တမ္ဗဝတီ လူထုးကဲ)နှင့် မြို့နယ်စာရေးဆရာအသင်းဝင် စာရေးဆရာ ၁၃ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်)**

## ၂၀၂၆၊ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး

**မန္တလေး မေ ၂၀**

ရက်(၁၀၀)စီမံချက်ကာလအတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မန္တလေးခရိုင်)ဘဏ်ခွဲမှ တောင်သူများအတွက် ၂၀၂၆ ခုနှစ်၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများစတင်ထုတ်ခြင်းကို ချမ်းအေးသာစံမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(မန္တလေးခရိုင်)ဘဏ်ခွဲ၌ ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မန္တလေးခရိုင်)ဘဏ်ခွဲမှ ယနေ့တွင် ညောင်ကွဲ၊ ဥပုသ်တော်၊ မဟာဇေယျာဘုံရပ်ကွက်၊ ရတနာဘုမ္မိအနောက်၊ ရွှေဘုန်းရှိန်၊ ချမ်းမြသာစည်မြောက်၊ ကန်သာယာ၊ တံခွန်တိုင်(က)ရပ်ကွက်များမှ တောင်သူရှစ်ဦးတို့အား ချေးငွေ ကျပ် ၁၆၉,၀၀,၀၀၀ စတင်ထုတ် ချေးပေးခဲ့သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မန္တလေးခရိုင်)ဘဏ်ခွဲ အနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း စပါးစိုက် တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀၀ နှုန်းဖြင့် ၅၃ ဧက၊ အခြားသီးနှံစိုက် တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် လေးဧကအတွက် စုစုပေါင်း ချေးငွေကျပ် ၁၆၉,၀၀,၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

**(ချမ်း/စံ)**

၀-၀-၀-၀-၀

၀-၀-၀-၀

## ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မန္တလေး မေ ၂၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်အကြိုလှုပ်ရှားမှုအဖြစ် "နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မေ ၁၉ ရက် နံနက်ပိုင်းက ဈေးချိုအနီး၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်း လုပ်ငန်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ စုပေါင်း၍ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ချမ်းအေးသာစံမြို့နယ်၊ ၂၆ လမ်း၊ ၈၄ လမ်းနှင့် ၈၅လမ်းကြားရှိ ဈေးချိုအနီး၌ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးတို့ဖြင့် ဖြတ်သန်းသွားလာနေကြသည့် မိဘပြည်သူများထံသို့ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ကျောင်းအပ်နှံနိုင်ရေးနှိုးဆော်ချက် လက်ကမ်းစာစောင်များကို လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

## စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းဆွေးနွေး

**မန္တလေး မေ ၂၀**

ကုန်သွယ်ရေးဦးစီးဌာန(ပို့ကုန်/သွင်းကုန်ရုံး) မန္တလေးက ဖွင့်လှစ်သည့် ကုန်သွယ်မှုဆိုင်ရာ



အသိပညာပေးသင်တန်းတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်၊ ၆၄ လမ်း၊ ၂၄ လမ်းထောင့်ရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးဇေယျာဆွေက မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ သင်တန်းသားများအား ရှင်းလင်းဆွေးနွေးပို့ချခဲ့သည်။

ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးသင်တန်း၌ သင်တန်းသား ၈၀ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၅)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်  နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်  နေပြည်တော်မြို့အဝင်မုခ်ဦး (Naypyitaw Gate) နှင့် ပန်းခြံတည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

❖ ပြည်ထောင်စုဂုဏ်ပြုဗိမာန်အတွင်း ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းတည်ဆောက်ခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများ၏ ရုပ်တုများကို ထုဆစ်ထားရှိသွားမည်

❖ ဗိမာန်နှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင်လည်း မြန်မာမှုယဉ်ကျေးမှုနှင့် ခေတ်သစ်ဗိသုကာအနုပညာလက်ရာတို့ကို အချိုးညီ ထည့်သွင်းတည်ဆောက်သွားရန်လို

❖ ဗိမာန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပမှုရှိစေရေး အမြဲစိမ်းသစ်ပင်များနှင့် ပန်းမန်များကို စနစ်တကျဖြင့် ထည့်သွင်းစိုက်ပျိုး

✪ ရွှေဖုံးမှ

ဆက်လက်၍ မဏိရတနာကျောက်စိမ်းခန်းမနှင့် ကျောက်စိမ်းဥယျာဉ် (နေပြည်တော်) တို့သို့ ရောက်ရှိပြီး ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မဏိရတနာကျောက်စိမ်းခန်းမကြီးအတွင်းအပြင်အား လိုအပ်သည့်ပြုပြင် ပြောင်းလဲမှုများ ဆောင်ရွက်သွားရန်လိုကြောင်းနှင့် ကျောက်စိမ်းဥယျာဉ်အား အဆင့်အတန်းမီပြီး သန့်ရှင်းသပ်ရပ်သည့်ဥယျာဉ်အဖြစ် ပြန်လည်အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရာဇသင်္ဂဟလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် သပြေကုန်းအဝိုင်းအနီးဝန်းကျင်၌ မြို့ပြအင်္ဂါရပ်နှင့်လျော်ညီစွာ ဆောင်ရွက်သွားနိုင်ရေးအတွက် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နေပြည်တော်မြို့အဝင်မုခ်ဦး (Naypyitaw Gate) နှင့် ပန်းခြံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက နေပြည်တော်မြို့အဝင်မုခ်ဦးအား မြန်မာ့ယဉ်ကျေးမှုပုံစံဖြင့် အဆင့်မီမီဖြစ်စေရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများအား စနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှောင်ကွင်းလမ်းသစ်နေရာများ၌လည်း ရေစီးရေလာကောင်းမွန်စေရေးနှင့် စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် စည်ပင်သာယာရေးကော်မတီအဖွဲ့များက အလေးထား ဆောင်ရွက်သွားရန်လိုကြောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များအနေဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နေပြည်တော်ရင်ပြင်သို့ရောက်ရှိကြပြီး ရင်ပြင်ပတ်လည်နေရာများ၌ မြန်မာ့သမိုင်းဝင်အထင်ကရပုဂ္ဂိုလ်များ၏ ရုပ်တုများ ထည့်သွင်းတည်ဆောက်သွားရန်၊ စကျင်ကျောက်များဖြင့် ရုပ်လုံးရုပ်ကြွများ ထည့်သွင်းတည်ဆောက်သွားရန်၊ ရင်ပြင်ပတ်လည်တွင် မြို့ပြအင်္ဂါရပ်နှင့် လျော်ညီသည့် အဆောက်အအုံများ ထည့်သွင်းတည်ဆောက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ဂုဏ်ပြုဗိမာန် အဆိုပြု 3D ပုံစံများ၊ ဗိမာန်ပတ်ဝန်းကျင်၌ သစ်ပင်ပန်းမန်များ ထည့်သွင်းစိုက်ပျိုးသွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## စနစ်တကျထည့်သွင်းစိုက်ပျိုး

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြည်ထောင်စုဂုဏ်ပြုဗိမာန်အတွင်း ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းတည်ဆောက်ခဲ့ကြသည့်ပုဂ္ဂိုလ်ကြီးများ၏ ရုပ်တုများကိုထုဆစ်ထားရှိသွားမည်ဖြစ်ကြောင်း၊ ဗိမာန်နှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင်လည်း မြန်မာမှုယဉ်ကျေးမှုနှင့် ခေတ်သစ်ဗိသုကာအနုပညာလက်ရာတို့ကို အချိုးညီ ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်း၊ ဗိမာန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပမှုရှိစေရေး အမြဲစိမ်းသစ်ပင်များနှင့် ပန်းမန်များကို စနစ်တကျဖြင့် ထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၀

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမအဆောင်၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)



### ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် မြန်မာ့လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ တရုတ်နိုင်ငံ၏ စီးပွားရေးအောင်မြင်မှုများနှင့် မူဝါဒသစ်များက မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများအတွက် အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးနိုင်ရေး၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး ခရီးလမ်းခိုင်မာစေရေးအတွက် နိုင်ငံနှင့်ကိုက်ညီသည့် ဒေသအခြေခံဖက်ဒရယ်စနစ်ကို ဖော်ဆောင်နေမှုအခြေအနေ၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်၊ ဒုတိယအကြီးဆုံး ရင်းနှီးမြှုပ်နှံသည့် နိုင်ငံဖြစ်သည့်အတွက် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် လက်နက်ကိုင်အဖွဲ့အားလုံးကို ဥပဒေဘောင်အတွင်းဝင်ရောက်ရေး အစဉ်တစိုက် ဖိတ်ခေါ်လျက်ရှိရာ ယခုအစိုးရသစ်၏ ရက် (၁၀၀) ငြိမ်းချမ်းရေး အစီအစဉ်အဖြစ် ၂၀၂၆ ခုနှစ် မေ ၂၀ ရက်မှ ဇူလိုင် ၃၁ ရက်အတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖိတ်ခေါ်ထားမှုအခြေအနေ၊ နှစ်နိုင်ငံနယ်နိမိတ်ချင်း မိုင်ပေါင်းများစွာ ထိစပ်နေသည့်အတွက် နယ်စပ်ဒေသ တည်ငြိမ်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရေး အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

### တာဝန်ရှိသူများ တက်ရောက်

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် တရုတ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း သင်ကြားရေးဆေးရုံကြီး-မကွေးနှင့် မကွေးမြို့ရှိ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များ ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် သင်ကြားရေးဆေးရုံကြီးကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့် တွေ့ဆုံကာ ဆေးကုသရေးနှင့် သင်ကြားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဆေးတက္ကသိုလ် (မကွေး) ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ သင်ကြားရေးဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက အပန်းဖြေရိပ်သာ (Recreation Center) ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရှိ ဓာတ်ခွဲခန်းနှင့် Mobile Lab Van ကိုလည်းကောင်း၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၌ စာသင်ခန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သူနာပြုသိပ္ပံ (မကွေး) အဆင့်မြှင့်တင်နိုင်ရေးအတွက် စာသင်ခန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ ပုံစံတူလက်တွေ့သင်ကြားရေးခန်းများ(Skill Lab)၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ ထမင်းချက်ဆောင်နှင့် ထမင်းစားဆောင်၊ သင်တန်းသူ အိပ်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း ကော်မရှင်ရုံးခွဲ(မန္တလေး)ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ



နေပြည်တော် မေ ၂၀

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းသည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင်ရုံးခွဲ(မန္တလေး)ရှိဝန်ထမ်းများနှင့် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကော်မရှင်ရုံးခွဲ ညွှန်ကြားရေးမှူးက ကော်မရှင်ရုံးခွဲ၏ ရုံးလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည့်အတွက် ပါတီနိုင်ငံရေး ကင်းရှင်းရန်လိုကြောင်း၊ နိုင်ငံတော်အကျိုးရှေးရှုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိကြောင့် နိုင်ငံအကျိုးထိခိုက်မှုမရှိအောင် သတိထားဆောင်ရွက်ကြစေ လိုကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ခံယူပြီးအသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းဟူသော ကဏ္ဍ(၃)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ဝန်ထမ်းတစ်ဦးချင်းအနေဖြင့် အရည်အချင်း၊ ဝမ်းစာပြည့်ဝနေအောင် အမြဲတမ်းဖြည့်ဆည်းနေရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌက ရုံးခွဲရှိ ဝန်ထမ်းများနှင့် မိသားစုများအတွက် ဆန်၊ စားသုံးဆီနှင့် ကြက်ဥများကို ထောက်ပံ့ပေးအပ်ပြီး ဝန်ထမ်းများ၏ လုပ်ငန်းတာဝန် ထမ်းဆောင်နေမှုနှင့် ကော်မရှင်ရုံးခွဲ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရက်(၁၀၀)စီမံချက်ဖြင့် နှမ်းသီးနှံစိုက်တောင်သူများအား ကွင်းသရုပ်ပြပွဲ ကျင်းပ

**အမရပူရ မေ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၌ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ရက် (၁၀၀)စီမံချက်ဖြင့် ယမန်နေ့နံနက်ပိုင်းက အမရပူရမြို့နယ်၊ တောတွင်ကျေးရွာအုပ်စု၌ (စပါး၊ နှမ်း၊ ပဲတီစိမ်း)စိုက်ပျိုးတောင်သူများကို ပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် သဘာဝမြေသြဇာ၊ သဘာဝပိုးနှင့်ဆေးပြုလုပ်သုံးစွဲခြင်း တောင်သူဆွေးနွေးပွဲ လက်တွေ့ကွင်းသရုပ်ပြပွဲ ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမရပူရမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် စိုက်ပျိုးရေးကြီးကြပ်အဖွဲ့ဝင်ဌာနဆိုင်ရာဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသောတောင်သူ ၃၅ဦး စုစုပေါင်း ၄၈ ဦးတက်ရောက်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စိုးသီဟ(အမရ)**



# မိုးရာသီအတွက် စိုက်ပျိုးမည့်ပျိုးပင်မျိုးစုံ အပင် ၃၀၀၀၀ ပြုစုပျိုးထောင်ထားရှိ

**တံတားဦး မေ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၆ခုနှစ် မိုးရာသီအတွက် စိုက်ပျိုးကြမည့် ပျိုးပင်မျိုးစုံအပင် ၃၀၀၀၀ ကို တံတားဦးမြို့ သစ်တောဦးစီးဌာန သင်ပန်း ပျိုးဥယျာဉ်ခြံတွင် ပြုစုပျိုးထောင်ထားရှိကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးထားရာတွင် ဒေသပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန် သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ချစ်မြတ်နိုးတတ်စေရန်၊ သစ်တောပြုန်းတီးခြင်းမှ ကာကွယ်ရန်နှင့် ထင်းသုံးစွဲမှု ဖူလုံစေရန် ရည်ရွယ်၍ မြို့နယ်သစ်တောဦးစီးဌာနမှ ဒေသရေမြေနှင့် ကိုက်ညီမှုရှိသည့် ပျိုးပင်မျိုးစုံကို ပျိုးထောင်ထားပြီး နှစ်စဉ်မိုးရာသီကာလတွင် ဖြန့်ဝေစိုက်ပျိုးလျက်ရှိသည်။

တံတားဦးမြို့နယ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီကာလအတွင်း လူထုဖြန့်ဝေစိုက်ပျိုးရန်အတွက် ဒေသရာသီဥတုနှင့် ကိုက်ညီသော ကုလားကုက္ကို ၂,၀၀၀ ပင်၊ တမာ ၇,၅၀၀ ပင်၊ မယ်ဇယ် ၁,၅၀၀ ပင်၊ ဖျောက်ဆိပ် ၉,၀၀၀ ပင်၊ ယူကလစ် ၁၀,၀၀၀ ပင်၊ စုစုပေါင်း ၃၀,၀၀၀ ပင် တို့ကို ပြုစုပျိုးထောင်ထားသည်။

တံတားဦးမြို့နယ် သစ်တောဦးစီးဌာနမှ ယခုနှစ်မိုးရာသီကာလတွင်စိုက်ပျိုးရန် ဌာနဆိုင်ရာများ၊ တစ်ရွာ နှစ်ဧက၊ သစ်ပင်စိုက်ပျိုးပွဲ၊ လမ်းဘေး ဝဲ၊ ယာ စိုက်ပျိုးရန်နှင့် ပြည်သူလူထုဖြန့်ဝေခြင်းတို့ကိုပြုစုပျိုးထောင်ထားကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**(အပေါ်ပုံ)**

**ရဲတင့်(ပြန်/ဆက်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရှမ်းပြည်နယ်(တောင်ပိုင်း) အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(အေးသာယာ)သို့ သွားရောက်၍ အိမ်ရာတည်ဆောက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး၊ အေးသာယာ၊ ဟဲဟိုး၊ ကလောတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမြို့ရှိ အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ (အေးသာယာ) သို့ သွားရောက်၍ အိမ်ရာ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အား အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (အေးသာယာ) ဆက်လက်တည်ဆောက်လျက်ရှိမှုအခြေအနေကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ(အေးသာယာ)သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ထောက်ချုပ်ရုံးမှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင်က အိမ်ရာတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းများအား နေရာချထားပေးမှုနှင့် ဆက်လက် နေရာချထားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ရေနှင့်လျှပ်စစ်မီးပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် လုံလောက်မှုရှိစေရေး ဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က စစ်မှုထမ်းဟောင်းများသည် အရေးကြီးသည့်တပ်မတော်၏ အင်အားတစ်ရပ်ဖြစ်သည့်အတွက် စစ်မှုထမ်းဟောင်းများ၏ အရေးကိစ္စများကို ဂရုတစိုက် ဆောင်ရွက်ပေးရန် လိုအပ်သည့် အခြေအနေများ၊ အိမ်ရာနေစစ်မှုထမ်းဟောင်းမိသားစုများ နေထိုင်၊ စားသောက်၊ သွားလာမှုအဆင်ပြေစေရေး လိုအပ်သည်များ စီမံဆောင်ရွက်ပေးမည့် အခြေအနေများ၊ အိမ်ရာဝင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် စနစ်တကျ စီမံဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများကို လမ်းညွှန်မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်း အိမ်ရာအတွင်းရှိ သက်သာချောင်ချိရေး အရောင်းဆိုင်အား ကြည့်ရှုစစ်ဆေးပြီး စစ်မှုထမ်းဟောင်း မိသားစုဝင်များအား စက်ချုပ်နည်းပညာ သင်တန်း သင်ကြားပို့ချနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် အိမ်ရာဝင်းအတွင်းရှိ တည်ဆောက်ပြီးစီးနေသည့် နေအိမ်တိုက်ခန်းများနှင့် တည်ဆောက်ဆဲ တိုက်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အိမ်ရာတွင် နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ စားသောက်ဖွယ်များ ပေးအပ်သည်။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် အေးသာယာ၊ ဟဲဟိုး၊ ကလောတပ်နယ်များရှိ နယ်မြေခံတပ်ရင်းများအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး

## မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အသုံးပြုခဲ့သော မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ၂၀၂၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၅ မြို့နယ်၌ အသုံးပြုခဲ့သည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မဲပေးစက်များ ထိခိုက်ပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ တိုင်းဒေသကြီး ကြီးကြပ်မှုအဖွဲ့၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်မှ ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲသည် တရားမျှတသည့် ရွေးကောက်ပွဲ၊ ပြည်သူလူထု ထောက်ခံသည့် ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်နိုင်ခဲ့ကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲများကိုလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ယမန်နေ့ကလည်း ပြင်ဦးလွင်မြို့၌ ထိန်းသိမ်းထားရှိသည့် မဲပေးစက်များကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် Digitalization of Industrial Russia 2026 ဖိုရမ် Plenary International Session တက်ရောက်ဆွေးနွေး

နေပြည်တော် မေ ၂၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ ရောက်ရှိနေသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယမန်နေ့ ညနေပိုင်းတွင် Digitalization of Industrial Russia 2026 ဖိုရမ်၏ plenary international session ၌ "Digital Industry Map: Roles and Responsibilities on a Global Scale" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးသည်။



အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် အတူ ဇင်ဘာဘွေနိုင်ငံ ဒုတိယသမ္မတ Mr. Constantino Chiwenga၊ ဆားဘီးယားနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ Chief of Staff, Mr. Lazar Pavlovic၊ အိန္ဒိယနိုင်ငံ အီလက်ထရောနစ်နှင့် သတင်းအချက် နည်းပညာဝန်ကြီးဌာန၏ အတွင်းရေးမှူး Mr. Krishnan Saranyan တို့ ပါဝင်ဆွေးနွေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေးနှင့် လူထုမီဒီယာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Alexander Shoitov ဦးဆောင်သော အဖွဲ့အား တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံကြား ဉာဏ်ရည်တုနည်းပညာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နည်းပညာရပ်များတွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ရန် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးနှင့်အတူ ရုရှားနိုင်ငံ၏ သတင်းအချက်အလက်ဆိုင်ရာ လုံခြုံရေး Security Code ကုမ္ပဏီနှင့် ဇီဝအချက်အလက် အခြေခံအသုံးချပရိုဂရမ်များ ထုတ်လုပ်သည့် Biometric Technology Center မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် Nizhny Novgorod ၏ Governor Mr. Gleb Sergeevich Nikitin နှင့် တွေ့ဆုံပြီး Nizhny Novgorod မြို့ကို ရုရှားနိုင်ငံ၏ Quantum Valley ဖြစ်လာစေရေးအတွက် စီမံဆောင်ရွက်နေမှု၊ လုပ်ငန်းခွင်အဆင်သင့်ဖြစ်သည့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ကမ္ဘာ့အဆင့်မီ NEIMARK တက္ကသိုလ် တည်ထောင်လျက်ရှိမှုတို့ကို တွေ့မြင်ရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါ စီမံကိန်းအနီးတွင် နည်းပညာ တက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး)ကိုလည်း တည်ထောင်ထားရှိသည့်အတွက် Nizhny Novgorod ၏ အတွေ့အကြုံများကို မျှဝေပေးစေလိုကြောင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လိုကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကလောမြို့ရှိ နယ်မြေခံသင်တန်းကျောင်းမှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြား




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကလောမြို့ရှိ နယ်မြေခံသင်တန်းကျောင်းမှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသား အရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၂၀

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ကလောမြို့ရှိ နယ်မြေခံသင်တန်းကျောင်းမှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်ဌာနချုပ်၏ တပ်တည်ဆောက်ရေး လုပ်ငန်းတွင်ဖြစ်စေ၊ လုံခြုံရေးနှင့်စစ်ဆင်ရေး တာဝန်ထမ်းဆောင်ရာတွင်ဖြစ်စေ ဦးစီးဦးဆောင်ပေးရသော တပ်မှူးများအပေါ်မူတည်၍ အောင်မြင်မှု ရနိုင်မည်ဖြစ်ကြောင်း၊ အလားတူ တပ်စိတ်၊ တပ်စု၊ တပ်ခွဲ အဆင့်တိုင်းတွင်း ဦးစီးဦးဆောင်ပေးရသော ခေါင်းဆောင်အပေါ်မူတည်၍ အရည်အသွေးနှင့်စွမ်းဆောင်မှု ကွာခြားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်မှုသည်အရေးကြီးပြီး ခေါင်းဆောင်မှုအင်္ဂါရပ်နှင့် ပြည့်စုံနေရန်လိုကြောင်း၊ ထို့အပြင် ခေါင်းဆောင်သည် စည်းရုံးရေးမှူးကောင်း တစ်ယောက်ဖြစ်ရန်လိုပြီး မိမိလက်အောက်မှ ယုံကြည်မှုအပြည့်ဖြင့် လိုက်ပါလာအောင် စွမ်းဆောင်နိုင်ရန်လိုကြောင်း။

တပ်မှူးများသည် အုပ်ချုပ်ရေးအပိုင်းမှ လူမှုရေးကဏ္ဍများတွင် ဖခင်စိတ်ဓာတ်၊ ညီအစ်ကိုလိုစိတ်ဓာတ်ဖြင့်ဆောင်ရွက်ရန် လိုသော်လည်း လုံခြုံရေးနှင့် စစ်ဆင်ရေး အပိုင်းများတွင် Commander စိတ်ဓာတ်ဖြင့် တွန်းတွန်းတိုက်တိုက် ဆောင်ရွက်ရမည်ဖြစ်၍ မှန်ကန်စွာပိုင်းခြားတတ်ရန်လိုကြောင်း၊ အဓိကကျသောခေါင်းဆောင်များ၊ အရာရှိများမှ တပ်များကို မှန်ကန်စွာဦးဆောင်မှုပေးပါက တပ်တွင်းစည်းလုံးညီညွတ်မှု တိုးတက်လာမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ တပ်မှူးများသည် တရားစီရင်ခွင့် အခွင့်အာဏာရှိသူများ ဖြစ်၍ စစ်ဘက်တရားစီရင်မှု အပိုင်းကို မှန်ကန်သော ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ အရာရှိများနှင့် ပတ်သက်၍ Commander အဆင့်ဆင့်က ထိန်းသိမ်းပေးရန်လိုပြီး ညီအစ်ကိုစိတ်ဓာတ်ဖြင့် ထိန်းသိမ်းပေးရန်လိုကြောင်း၊ Guardian စနစ်၊ စိတ်ဓာတ်ဖြင့် အထက်အောက်ထိန်းသိမ်းမှုဖြင့် သွားရမည်ဖြစ်ပြီး ကောင်းမွန်သော အစဉ်အလာကောင်းများဖြင့် ကြပ်မတ်ကွပ်ကဲခြင်းဖြင့် စည်းလုံးညီညွတ်မှုကို ရရှိနိုင်မည် ဖြစ်ကြောင်း၊ ဦး၊ ရေး၊ ထောက် လုပ်ငန်းများကို Check, Recheck, Counter Check ဖြင့် လုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းလစ်ဟင်းမှုမရှိစေဘဲ တပ်များ၏ စွမ်းရည်တိုးတက်လာမည် ဖြစ်ကြောင်း။

အုပ်ချုပ်ရေးစွမ်းရည်ကျဆင်းလျှင် စစ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်များပါ ကျဆင်းပြီး စည်းကမ်းမရှိလျှင် စည်းရုံးရေးလည်း ကျဆင်းနိုင်၍ အုပ်ချုပ်ရေးစွမ်းရည်တွင် ပါဝင်သည့် စစ်စည်းကမ်းလိုက်နာမှုအပိုင်း၊ စီမံခန့်ခွဲမှုအပိုင်းများတွင် ခေါင်းဆောင်များက သေချာစွာကြပ်မတ်ပေးရန် လိုကြောင်း။

ခေါင်းဆောင်ကောင်းများဖြစ်ရန် အတွေးအခေါ်ကောင်းမွန်ရမည်ဖြစ်ပြီး အတွေးအခေါ်ကောင်းမွန်ရန် အသိပညာ၊ အတတ်ပညာပြည့်ဝ၍ ဖတ်ရှုလေ့လာမှုကို မပြတ်ပြုလုပ်နေရန် လိုကြောင်း၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းရှိရန်လိုပြီး သဘောထားပြည့်ဝစွာဖြင့် မြော်မြင်ဆုံးဖြတ်တတ်ရန် လိုကြောင်း၊ ခေါင်းဆောင်တစ်ဦး အနေဖြင့် လက်အောက်ကို အမြဲတမ်းကြည့်ရှု၍ ဆုံးမပဲ့ပြင် ပြောကြားပေးနေရန်လိုကြောင်း။

ခေါင်းဆောင်မှုနှင့် ပတ်သက်ပါက တပ်မှူးအသီးသီးသည် မှန်ကန်သည့် ဦးဆောင်မှုနှင့် လုပ်ဆောင်ပါက လက်အောက်ငယ်သားများက တပ်မှူးအပေါ် ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း၊ အခြေခံဖြစ်သည့် တပ်ရင်း/တပ်ဖွဲ့မှူးများ ခေါင်းဆောင်မှုကောင်းမွန်ပါက လက်အောက်စစ်သည်၊ မိသားစုဝင်များက ယုံကြည်မှုရှိ၍ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်မှူးတစ်ဦးသည် တစ်ဖက်တွင် စစ်တိုက်သည့် တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သော်လည်း စစ်တိုက်တတ်ရုံဖြင့် မပြီးသေးဘဲ တပ်ကိုကောင်းစွာ အုပ်ချုပ်ကွပ်ကဲတတ်ရန်လည်း လိုအပ်ကြောင်း၊ အဓိကကျသည်မှာ တပ်ရင်း/တပ်ဖွဲ့များရှိ တာဝန်ရှိသူများအနေဖြင့် လက်အောက်၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးရန်လိုသဖြင့် ၎င်းတို့နှင့် ထိတွေ့မှုများစွာရှိရမည် ဖြစ်ကြောင်း၊ ထိုသို့ ထိတွေ့မှုများ ပြုလုပ်ခြင်းသည် စစ်သည်များ စိတ်ဓာတ်မြင့်မားရေးနှင့် တပ်အင်အားတောင့်တင်း ခိုင်မာရေး အတွက် လုပ်ဆောင်ရမည့်အချက်ပင်ဖြစ်ကြောင်း။

တပ်မှူး၊ အရာရှိကြီးများသည် တပ်မိသားစုနှင့်ထိတွေ့ရန်လိုသကဲ့သို့ ပြည်သူလူထုနှင့်လည်း အပြုသဘောဆောင်သည့် ထိတွေ့မှုရှိရန် လိုကြောင်း၊ ဆန္ဒဖော်ထုတ်ပွဲများ၊ ဆွေးနွေးပွဲများ၊ ပျော်ပွဲရွှင်ပွဲများသည် မိမိတပ်မိသားစုများနှင့် ထိတွေ့မှုများပင်ဖြစ်သည့်အတွက် မှန်မှန်ကန်ကန် လုပ်ဆောင်ရန်လိုကြောင်း။

တပ်မှူးများအနေဖြင့် မိမိတပ်ရှိ အရာရှိ၊ စစ်သည်များ ပြည်သူအပေါ် ထိတွေ့ဆက်ဆံရာတွင် ပြည်သူလူထု၏ အထင်အမြင်လွဲမှားစေနိုင်သည့် ကိစ္စရပ်များ မဖြစ်အောင် ထိန်းသိမ်းကြပ်မတ်သွားရန်လိုကြောင်း၊ ပြည်သူနှင့် ထိတွေ့ဆက်ဆံရာတွင် ပြဋ္ဌာန်းထားသည့် ဆောင်ရန်၊ ရှောင်ရန် အချက်များနှင့် ပြည်သူအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါးနှင့် အညီ ပြုမူဆက်ဆံရန် အလေးထား မှာကြားလိုကြောင်း၊ ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်ကိုယုံကြည်မှုရှိအောင်လုပ်ရန်၊ စွမ်းရည်ရှိအောင်လုပ်ရန်၊ လက်အောက်မှ မိမိအပေါ် ယုံကြည်မှုရှိအောင် လုပ်ဆောင်ရန်နှင့် မိမိတပ်မတော်အပေါ် ယုံကြည်မှုရှိအောင် လုပ်ဆောင်ရန် လိုကြောင်း၊ တပ်မှူးများအနေဖြင့် မိမိတို့၏ ခေါင်းဆောင်မှု အောက်တွင် လက်အောက်မှ အားလုံးကို လိုက်ပါဆောင်ရွက် လာစေရေးအတွက် အုပ်ချုပ်မှု ညီညွတ်မျှတအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ Commander သည် အမုန်းခံရမည်၊ ပြောစရာရှိက ပြောရမည်၊ အရေးယူစရာရှိက ယူရမည်၊ ချီးမြှင့်စရာရှိက ချီးမြှင့်ရမည်၊ အသိအမှတ်ပြုစရာရှိက အသိအမှတ်ပြုရမည်ဖြစ်ပြီး ထိုသို့ လုပ်ဆောင်နိုင်ရန်အတွက် လက်အောက်၏ အခြေအနေအမှန်ကို သိရှိရန်လိုကြောင်း။

စစ်ရေးစွမ်းရည် ထက်မြက်ရေးအတွက် လေ့ကျင့်ရေးကို အလေးထား ဆောင်ရွက်ပေးရန်နှင့် Format ပုံစံ၊ Drill ပုံစံများပေါ်တွင် အခြေခံကာ ခေါင်းဆောင်လုပ်သူ၏ဉာဏ်ဖြင့် တိုက်ပွဲပုံစံကို ဖော်သွားရန်လိုသလို လက်အောက်သို့ အမြဲတမ်းသင်ကြားပေးနေရန် လိုကြောင်း၊ အခြေခံလေ့ကျင့်ရေးမှစကာ စစ်ရေးစစ်ရာနှင့်ပတ်သက်၍ သင်ကြားမှုတွင် Format, Drill, Concept စသည်တို့ကို အခြေခံရအောင် သင်ပေးလိုက်ခြင်းဖြစ်ကြောင်း၊ ကျင့်သားရအောင် လုပ်ပေးလိုက်သည့်အတွက် ယင်းတို့ကိုအခြေခံ၍ စစ်မြေပြင်တွင် လက်တွေ့အခြေအနေနှင့် ကိုက်ညီသည့် လုပ်ဆောင်မှုများဖြင့် ဒွန်တွဲလုပ်ဆောင်သွားရမည် ဖြစ်ကြောင်း၊ စစ်ရေးစွမ်းရည်ဆိုသည်မှာ တိုက်စွမ်းရည်ရှိသည့် တပ်မတော်၊ တိုက်စွမ်းအားရှိသည့် တပ်မတော်ပင်ဖြစ်ပြီး တိုက်စွမ်းရည်ရှိရန် တပ်မှူးများက မိမိ၏ တပ်ကို လေ့ကျင့်ပေးနေရန် လိုကြောင်း၊ စစ်ရေးစွမ်းရည် ထက်မြက်ရန်အတွက် လူတစ်ဦးချင်းစွမ်းရည်များ ထက်မြက်ရန်၊ လက်နက်စွမ်းရည်များ ရှိရန်နှင့် လေ့ကျင့်သားပြည့်ဝရမည့်အပြင် စစ်နည်း ဗျူဟာများကိုလည်း မှန်မှန်ကန်ကန် ကျင့်သုံးတတ်ရန် လိုကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်တွင် စစ်ရေးစွမ်းရည် ပြည့်ဝသည့် တပ်မတော်သားကောင်းတစ်ယောက် ဖြစ်စေရန် အလေ့အကျင့်ကောင်းများ ရှိရမည့်အပြင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိရန် လိုအပ်ကြောင်း။

မိမိတွင်ရှိသည့် လူ၊ ပစ္စည်း၊ မိမိသင်ကြားရသည့် စစ်ပညာ၊ လက်ဝယ်တွင်ရှိသည့် နည်းပညာများကို ကောင်းစွာအသုံးချပြီး စွမ်းရည်ထက်မြက်အောင် ဆောင်ရွက်ရန် လိုကြောင်း၊ ရှိသည့် စစ်လက်နက် ပစ္စည်းများကို ထိရောက်စွာ အသုံးချနိုင်ရမည် ဖြစ်ကြောင်း၊ စစ်ရေးစွမ်းရည်တွင် လေ့ကျင့်ရေးသည် အဓိကကျသည်ကို တွေ့ရပြီး စစ်ရေးစွမ်းရည် ထက်မြက်၍ တိုက်ပွဲတိုင်း အောင်မြင်ရေးအတွက် လေ့ကျင့်ရေးကို ဖိဖိစီးစီးလုပ်ရန် လိုကြောင်း၊ အလားတူ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် လေ့ကျင့်ရေး လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စစ်ပညာနှင့်ပတ်သက်ပြီး တာဝန်ရှိသူများ အနေဖြင့် အမြဲမပြတ်လေ့လာရန် လိုအပ်ပြီး ခေတ်မီတိုးတက်လာသည့် စစ်လက်နက်များ၊ ပြောင်းလဲလာသည့် စစ်နည်းဗျူဟာများအား လေ့လာဆည်းပူးသွားကြရန် လိုအပ်ကြောင်း။

သင်တန်းသားများ အနေဖြင့် အဆင့်နှင့်လျော်ညီအောင် နေထိုင်၍ ရိုးသားစွာ ကြိုးစားမှုဖြင့် ယှဉ်ပြိုင်သွားရန် မှာကြားလိုကြောင်း၊ သင်တန်းသားတိုင်း နံပါတ်တစ် ဖြစ်မလာနိုင်သော်လည်း နံပါတ်တစ်ဖြစ်ခွင့်အားလုံးတွင် ရှိကြောင်း၊ ထို့ကြောင့် ထူးချွန်၊ သာမန်အထက်၊ သာမန်အမြင့်၊ သာမန် သတ်မှတ်ထားသဖြင့် မိမိတို့၏ကြိုးစားအားထုတ်မှုအလိုက် သတ်မှတ်အဆင့်ကို ရရှိမည်ဖြစ်ပြီး နည်းပြများအနေဖြင့်လည်း တော်တည့်မှန်ကန်၍ ညီညွတ်မျှတစွာ အုပ်ချုပ်သင်ကြားပေးရန် လိုကြောင်း၊ အရည်အချင်းသတ်မှတ်ချက်နှင့် ပတ်သက်၍ ပင်ကိုအရည်အချင်းနှင့်စိတ်ဓာတ်ကိုမြင်အောင် ကြည့်၍ အကဲဖြတ်ကာ မှန်ကန်သော အဆင့်သတ်မှတ်ပေးနိုင်ရန် လိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲ အပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှေ့တန်းစစ်မျက်နှာတွင် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့မှုကြောင့် စစ်ဆင်ရေးထူးချွန်မှုဖြင့် တစ်ဆင့်မြှင့်ရာထူးဖြင့် ဂုဏ်ပြုခံရပြီး သင်တန်းတက်ရောက်ခွင့် ရရှိခဲ့သည့် သင်တန်းသားအရာရှိကြီး နှစ်ဦးအား ချီးကျူးဂုဏ်ပြုစကား ပြောကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းသားစားရိပ်သာ၌ သင်တန်းနည်းပြ အရာရှိကြီးများ၊ သင်တန်းသားအရာရှိကြီးများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ဦးအောင်ဇေယျစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့အရှေ့ဘက် အောင်မြေရိပ်သာအုပ်စု အောင်မြေရိပ်သာကျေးရွာအနီး အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထားကိုးကွယ်တော်မူခဲ့သော ဦးအောင်ဇေယျစေတီတော်မြတ်ကြီးသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးဘေးကြောင့် ပြိုကျပျက်စီးခဲ့ရာ ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်နှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ကြူကြူလှတို့၏ လမ်းညွှန်ချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ရဲဝင်းဦးနှင့် ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်နီလာတို့ဦးဆောင်သော တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ၊ စေတနာရှင် ဒေသခံအလှူရှင်များ စုပေါင်းပါဝင်လှူဒါန်းမှုဖြင့် ရေးမူမပျက် အောင်မြင်စွာတည်ဆောက်ပူဇော်နိုင်ခဲ့ပြီး ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒသိရီ အမှူးပြုသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### ဆက်ကပ်လှူဒါန်း

ဦးစွာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက နေမျိုးနွယ်ကျောင်းတိုက်ဆရာတော်ဘုရားကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက ဦးအောင်ဇေယျစေတီတော် ပုံတော်၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား သံဃာတော်အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြပြီး ပါဠိတက္ကသိုလ် မင်္ဂလာဇေယျာကျောင်းတိုက် ဆရာတော်ဘုရားကြီးထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

### အမွှေးနံ့သာရည်များ ပက်ဖျန်း

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်များကိုပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပင့်ဆောင်ပူဇော်၍ မင်္ဂလာအချိန်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းကြကာ ရွှေထီးတော်တင်လှူပူဇော်ပြီး အောင်မြင်ခြင်းအထိမ်းအမှတ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။



ထို့နောက် သံဃာတော်အရှင်သူမြတ်များက ဦးအောင်ဇေယျစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြပြီး အခမ်းအနားအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ် မှတ်ပုံတင်လက်မှတ်များ ထုတ်ပေး



မော်လမြိုင် မေ ၂၀

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ်များ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်က ရေယာဉ်စည်းကမ်း၊ ရေကြောင်းဆိုင်ရာ စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ရေယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေး ဂရုပြုလိုက်နာဆောင်ရွက်ကြရန် ပြောကြားသည်။ ထို့နောက် မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ် ၁၁၅ စင်းအတွက် မှတ်ပုံတင်လက်မှတ်များကို ဒေသခံပြည်သူများထံ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)



# ပုဂံမြို့၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသ

ညောင်ဦး မေ ၂၀

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၌ ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာဆွေ ဦးဆောင်၍ အထူးကုသရေး အဖွဲ့(၁၂)ဖွဲ့နှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ အထောက်အကူပြုအဖွဲ့များပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် မေ ၁၉ ရက် နံနက် ၈ နာရီမှစတင်၍ အခြေခံပညာအထက်တန်းကျောင်း (ပုဂံ)ကျောင်းဝင်းအတွင်း ဒေသခံပြည်သူများအား ကွင်းဆင်းကုသပေးလျက်ရှိသည်။

အဆိုပါကွင်းဆင်းကုသရေးအဖွဲ့တွင် အထွေထွေအထူးကု၊ ခွဲစိတ်အထူးကု၊ သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကု၊ အရိုးအထူးကု၊ အရေပြားအထူးကု၊ စိတ်ကျန်းမာရေးအထူးကု၊ မျက်စိအထူးကု၊ သွားနှင့်ခံတွင်းအထူးကုနှင့် ကင်ဆာအထူးကု ဆရာဝန်ကြီးများ ပါဝင်သော အထူးကုဆရာဝန်ကြီးများသည် သက်ဆိုင်ရာကဏ္ဍအလိုက် ကုသပေးလျက်ရှိပြီး လာရောက်ကုသသူ ၇၂၀ ဦး ရှိသည်။

အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသရာသို့ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညို နှင့် အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့် နှင့် အဖွဲ့ဝင်များက ကွင်းဆင်းကုသပေးသည့် ဆရာဝန်ကြီး များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကူညီလုပ်အားပေးသူများနှင့် ဆေးကုသမှု လာရောက်သူများအားအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)

*-*-*-*-*-*

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၂၀

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် မိုးဖြဒေသတစ်ဝိုက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးဖြဲမြို့ရှိ နယ်မြေခံတပ်ရင်း၌ လည်းကောင်း၊ ကယားပြည်နယ်အတွင်း ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့ရှိ နယ်မြေခံတပ်ရင်း၌လည်းကောင်း ယနေ့တွင် အသီးသီးကျင်းပပြုလုပ်ရာ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်နှင့်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများဖြင့် လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၆-၂၀၂၇ ပညာသင်နှစ်”
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/ လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/ လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့်ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သောလူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘ ပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၆-၂၀၂၇ ပညာသင်နှစ်”
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေး ပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသောစည်းမျဉ်း စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ် ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

**ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်အံ့။**

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၆-၂၀၂၇ ပညာသင်နှစ်”
## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ <u>အခမဲ့ထောက်ပံ့မှုများမှာ</u>

(က) သူငယ်တန်း (KG)

၁။ သချ်ာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း ၆။ ကျောင်းဝတ်စုံ (၁)စုံ

(ခ) ပထမတန်း (Grade 1)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သချ်ာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဂ) ဒုတိယတန်း (Grade 2)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သချ်ာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဃ) တတိယတန်း (Grade 3)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သချ်ာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(င) စတုတ္ထတန်း (Grade 4)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သချ်ာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ (ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(စ) ပဉ္စမတန်း (Grade 5)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သချ်ာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ (ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သချ်ာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ စက်မှုအတတ်ပညာ ၁၃။ အခြေခံစိုက်ပျိုးရေးပညာ ၁၄။ အခြေခံမွေးမြူရေးပညာ ၁၅။ ဗလာစာအုပ် (၁)ဒါဇင် ၁၆။ ဘောပင် (၂)ချောင်း ၁၇။ ခဲတံ (၂)ချောင်း

(ဇ) သတ္တမတန်း (Grade 7)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သချ်ာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဈ) အဋ္ဌမတန်း (Grade 8)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သချ်ာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သချ်ာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ(၂) ချောင်း

(ဋ) ဒသမတန်း (Grade 10)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သချ်ာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ) ဘာသာတွဲ ၁၆။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၇။ ကာယပညာ (သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ (ဂီတ) ၁၈။ ဗလာစာအုပ် (၁)ဒါဇင် ၁၉။ ဘောပင် (၂)ချောင်း ၂၀။ ခဲတံ (၂)ချောင်း

(ဌ) ဧကာဒသမတန်း (Grade 11)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သချ်ာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ)ဘာသာတွဲ ၁၆။ ဘဝ တွက်တာကျွမ်းကျင်စရာ ၁၇။ ကာယပညာ (သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ (ဂီတ) ၁၈။ ဗလာစာအုပ် (၁)ဒါဇင် ၁၉။ ဘောပင် (၂)ချောင်း ၂၀။ ခဲတံ (၂) ချောင်း

(ဍ) ဒွါဒသမတန်း(Grade 12)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သချ်ာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ)ဘာသာတွဲ ၁၆။ ဗလာစာအုပ် (၁)ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း ၁၈။ ခဲတံ (၂) ချောင်း



တပ်မတော်စစ်ကြောင်းများက CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တွန်းဖံမြို့အား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက CDF၊ CNA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် တွန်းဖံမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှု နေရာပြမြေပုံ။

○ စာမျက်နှာ ၂၄ မှ

ဖျက်ဆီးပြီး အစိုးရ၏အုပ်ချုပ်မှု ယန္တရားများ ပျက်စီးစေရန်နှင့် ချင်းပြည်နယ်အား ၎င်းတို့ စိတ်တိုင်းကျ အုပ်ချုပ်ခွင့်ရရှိရေး စိတ်ကူးယဉ်အိပ်မက်ကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံရေးနည်းလမ်းဖြင့် ရယူခြင်းမရှိဘဲ လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ကာ PDF အမည်ခံ အကြမ်းဖက်သမားများကို အသုံးချလျက် ချင်းပြည်နယ်အတွင်းရှိမြို့များအား အကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြရာ တွန်းဖံမြို့၌ မြို့လုံခြုံရေးနှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ၂၀၂၄ ခုနှစ် မေ ၁၆ ရက်မှစ၍ အင်အားအလုံးအရင်းဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်သူများ၏ နေအိမ်များ၊ ရုံးဌာနများနှင့် ဘာသာရေးအဆောက်အအုံများအား အကာအကွယ်ပြု၍ အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့ကြရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ နေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် ဘာသာရေးအဆောက်အအုံများ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရေးနှင့် ပြည်သူများ ထိခိုက်ဆုံးရှုံးမှု မရှိစေရေးအတွက် စနစ်တကျဆုတ်ခွာခဲ့ကြရာ ၂၀၂၄ ခုနှစ် မေ ၂၃ ရက်တွင် တွန်းဖံမြို့အား အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ယာယီစိုးမိုးခဲ့ကြသည်။

CDF၊ CNA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် တွန်းဖံမြို့အား ယာယီစိုးမိုးထားစဉ် ဌာနဆိုင်ရာ ဝန်ထမ်းများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရိုးသားအေးချမ်းစွာ နေထိုင်လျက်ရှိကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား အကြောက်တရား လွှမ်းမိုးစေရန် ခြိမ်းခြောက် သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ ၎င်းတို့အကျိုးစီးပွားအတွက် လုပ်အားရယူနိုင်းစေခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူများ လုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများကို လက်ဝါးကြီးအုပ်၍ သိမ်းဆည်းလုပ်ကိုင်ခြင်း၊ ကုန်စည်စီးဆင်းရာ ဆက်သွယ်ရေးလမ်းကြောင်းများအား ပိတ်ဆို့ခြင်းတို့ကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲများ ဖြစ်ပေါ်ခဲ့ကာ စားသောက်ကုန်နှင့် လူသုံးကုန်များ ဈေးနှုန်းကြီးမြင့်ခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်ဖြင့် လူမှုစီးပွားဘဝများ ချွတ်ခြုံကျဆင်း၍ အကြမ်းဖက်မှုဒဏ်ကို ခါးသီးစွာ ခံစားကြရသည့် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ တိုက်တာအိုးအိမ်များကို စွန့်ခွာ၍ အခက်အခဲ ဒုက္ခမျိုးစုံဖြင့် ယာယီနေရပ်စွန့်ခွာ နေထိုင်ခဲ့ကြရသည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် ဖလမ်းမြို့အား ၂၀၂၆ ခုနှစ် ဧပြီ ၂၅ ရက်တွင် တပ်မတော်က အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဖလမ်းမြို့အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့် အပြင် နယ်မြေတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ဖလမ်းမြို့အား ပြန်လည်သိမ်းပိုက်ရရှိပြီးနောက် တပ်မတော်အနေဖြင့် ဖလမ်း-သိုင်းငင်း-တီးတိန်-တွန်းဖံမြို့ ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးအတွက် ဖလမ်းမြို့နှင့် တီးတိန်မြို့အကြားရှိအကြမ်းဖက် သောင်းကျန်းသူအဖွဲ့များ ယာယီစိုးမိုးထားသည့် နေရာများအား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ရန် ဖလမ်းမြို့တွင် စနစ်တကျပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့ပြီး စစ်ကြောင်းများခွဲ၍ ၂၀၂၆ ခုနှစ် ဧပြီ ၂၉ ရက်မှ စတင်ချီတက်ရှင်းလင်းခဲ့ရာ သိုင်းငင်းလမ်းဆုံသို့ မေ ၂ ရက်တွင် ရောက်ခဲ့ကြောင်း၊ ကနေဒီတောင်အား မေ ၅ ရက်နေ့တွင် သိမ်းပိုက်ရရှိကာ မေ ၉ ရက်နေ့တွင် တီးတိန်မြို့သို့ ရောက်ရှိစုဖွဲ့ပြင်ဆင်ခဲ့ကြသည်။ ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တွန်းဖံမြို့အားပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် တီးတိန်မြို့တွင် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့ကာ ပွိုင့်-၁၅၀၄ တောင်ကုန်းအား မေ ၁၁ ရက်တွင် လည်းကောင်း၊ မောင်ကင်ရွာနှင့် တွာလ်မူးရွာအား မေ ၁၂ ရက်တွင် လည်းကောင်း၊ ဂမ်ငိုင်ရွာအား မေ ၁၄ ရက်တွင် လည်းကောင်း၊ လွှမ့်ဇန်ရွာနှင့် ဗျာလ်ကျင်းရွာအား မေ ၁၆ ရက်တွင်လည်းကောင်း၊ တပ်ဇန်ရွာအား မေ ၁၇ ရက်တွင် လည်းကောင်း၊ တုံးထွောင်ရွာနှင့် ပွိုင့်- ၁၉၈၅ တောင်ကုန်းအား မေ ၁၉ ရက်တွင် လည်းကောင်း အသီးသီး ပြန်လည်သိမ်းပိုက်ရရှိခဲ့သည်။ ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် မေလ ၂၀ ရက် ယနေ့နေ့လယ်ပိုင်းတွင် CDF၊ CNAနှင့် PDFအမည်ခံအကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များအား အပြီးတိုင် တိုက်ထုတ်၍ တွန်းဖံမြို့အား အလုံးစုံ သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်၏ တိုက်စစ်အဟုန်ကြောင့် ရှုံးနိမ့်၍ ဆုတ်ခွာထွက်ပြေးသော CDF ၊ CNA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ဆုတ်ခွာထွက်ပြေးစဉ် ဒေသအကျိုးစီးပွားပျက်စီးစေရန် ရည်ရွယ်ကာ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်းများကို ယုတ်မာရိုင်းစိုင်းစွာဖြင့် လုပ်ဆောင်ခဲ့ကြသည်။

တပ်မတော်စစ်ကြောင်းများက တွန်းဖံမြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏ အသက်ကို ပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ အဆင့်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲ ခြောက်ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း နှစ်လောင်း၊ လက်နက်မျိုးစုံ ငါးလက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံပြည်သူများ တွန်းဖံမြို့အတွင်းသို့ အန္တရာယ်ကင်းရှင်းစွာ ပြန်လည်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက် သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းများ ရှင်းလင်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်အစိုးရအုပ်ချုပ်မှု ယန္တရားများ အမြန်ဆုံး လည်ပတ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ဆေးရုံ/ဆေးခန်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး စသည့် မြို့ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဒေသခံ တိုင်းရင်းသားများနှင့် ပူးပေါင်း၍ အမြန်ဆုံး ပြန်လည်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူများ၏ မတရားနှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို ခါးသီးစွာ ခံစားခဲ့ရသည့် ဒေသခံ ပြည်သူများကလည်း အမှန်တကယ် အေးချမ်းတည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှု၏ အနှစ်သာရများကို ကိုယ်တိုင်သိမြင် ခံစားလာရပြီး အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့/ရွာအချို့ကို ပြန်လည်သိမ်းပိုက်ပြီး နယ်မြေရှင်းလင်း ချီတက်လာသော တပ်မတော်စစ်ကြောင်းများအား လမ်းကြောင်းတစ်လျှောက်၌ အောင်သပြေပန်းများ၊ ဂုဏ်ပြုပန်းကုံးများ ကိုင်ဆောင်ကာ သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်။

စာမျက်နှာ ၁၀ သို့



အကြမ်းဖက်သမားများထံမှ သိမ်းပိုက်ရရှိသည့် ခံစစ်စခန်းများကို တွေ့ရစဉ်။



အကြမ်းဖက်သမားများအသုံးပြုထားသည့် အခိုင်အမာ ကွန်ကရစ်ဘန်ကာများကို တွေ့ရစဉ်။





ဖလမ်းမြို့သို့ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ရောက်ရှိလာစဉ်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၆၂ ဦးအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၀

မြန်မာနိုင်ငံ အစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှု နှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများအားလည်းကောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသား ၅၁ ဦးနှင့် မြန်မာနိုင်ငံသား ၁၁ ဦးတို့ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

လုံခြုံရေးပူးပေါင်းအဖွဲ့သည် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများအရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်း လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်းများကို လုပ်ဆောင်စဉ် ယနေ့နံနက် ၁၀ နာရီခန့်တွင် မိုင်းခတ်မြို့နယ် မိုင်းဟန်ကျေးရွာအုပ်စု ဖားငင်ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၁၀၈၀ ခန့် အကွာ၌ တရားမဝင် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အလျား ပေ ၁၈၀ အနံ ပေ ၅၀ ရှိ လူနေတဲ နှစ်လုံး၊ အလျား ပေ ၂၀ အနံ ၁၅ ပေရှိ လူနေတဲ နှစ်လုံး၊ ၁၅ ပေ ပတ်လည်ရှိ လူနေတဲ ခုနစ်လုံး၊ အလျား ပေ ၆၀ အနံ ပေ ၃၀ ရှိ လုပ်ငန်းသုံးတဲ နှစ်လုံး၊ ပေ ၃၀ ပတ်လည်ရှိ ထမင်းစားဆောင် နှစ်လုံး၊ ကွန်ပျူတာ ဖလက်ပြား (မော်နီတာ) ခြောက်လုံး၊ မီးစက် (အလတ်) တစ်လုံး၊ မီးစက် (အကြီး) နှစ်လုံး၊ Power Station (အကြီး) တစ်လုံး၊ စားပွဲခုံ ၁၈ လုံး၊ ကုလားထိုင်(ကော်ခုံ) ၃၁လုံး၊ ရေခဲသေတ္တာ နှစ်လုံးနှင့် ဂတ်စ်အိုး တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှာဖွေဖော်ထုတ်မှုများ ဆက်လက်ဆောင်ရွက်ရာ ဖားငင်ကျေးရွာ၏ အနောက်တောင်ဘက်မီတာ ၉၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ရာတွင် အသုံးပြုသည့် အလျား ပေ ၅၀၊ အနံ ၁၅ ပေရှိ လူနေတဲ သုံးလုံး၊ အလျား ၁၀ ပေ အနံ ခြောက်ပေရှိ လူနေတဲနှစ်လုံး၊ ခုနစ်ပေ ပတ်လည်ရှိ လူနေတဲ တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၁၅ ပေရှိ စားချက်ဆောင် တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၁၅ ပေရှိ ထမင်းစားဆောင် တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၁၀ ပေရှိ ဆောက်လုပ်ဆဲလူနေတဲ တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ပေ ၂၀ ရှိ လုပ်ငန်းသုံးတဲ တစ်လုံး၊ မီးစက် တစ်လုံး၊ ကွန်ပျူတာ ဖလက်ပြား (မော်နီတာ)သုံးလုံး၊ CPU တစ်လုံး၊ ရေခဲသေတ္တာ နှစ်ခန်းတွဲ တစ်လုံး၊ စားပွဲခုံ ၁၈ လုံးနှင့် ကုလားထိုင် (ကော်ခုံ) အလုံး၆၀ တို့ကို ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ရှာဖွေဖော်ထုတ်မှုများ ဆက်လက်ဆောင်ရွက်ရာ ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ဖားငင်ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၂၀၀ ခန့် အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၂၀ ကိုလည်းကောင်း၊ ဖားငင်ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၈၀၀ ခန့် အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား ၁၄ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား တစ်ဦးနှင့် ဖုန်းမျိုးစုံ ၁၂ လုံးတို့ကို လည်းကောင်း၊ ဖားငင်ကျေးရွာ၏ တောင်ဘက် မီတာ ၂၁၀၀ အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား ၁၅ ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသမီး သုံးဦးနှင့် ဖုန်းမျိုးစုံ ၁၁ လုံးတို့ကိုလည်းကောင်း၊ ဖားငင်ကျေးရွာ၏ တောင်ဘက် မီတာ ၁၉၀၀ ခန့် အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ မြန်မာနိုင်ငံသား အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦးနှင့် ဖုန်းမျိုးစုံ ငါးလုံးတို့ကိုလည်းကောင်း၊ ဖားငင်ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၂၅၀၀ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား တစ်ဦး တို့ကိုလည်းကောင်း အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သောကြောင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ စုစုပေါင်း တရားမဝင် ပြည်ပနိုင်ငံသား အမျိုးသား ၅၀ နှင့် အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ငါးဦးနှင့် အမျိုးသမီး ခြောက်ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့်တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ဖားငင်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာပြပုံ






မိုင်းခတ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၂၀ အား တွေ့ရစဉ်။



သိမ်းဆည်းရမိသည့် ဖုန်း ၁၂ လုံးကို တွေ့ရစဉ်။





မိုင်းခတ်မြို့နယ် ဖားငင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား တွေ့ရစဉ်။

---

*စာမျက်နှာ ၁၅ မှ*

## လှိုက်လှိုက်လှဲလှဲကြိုဆို

ယခုကဲ့သို့ တပ်မတော်က တွန်းဖဲမြို့အား အပြီးတိုင် ပြန်လည် သိမ်းပိုက်ထိန်းချုပ်ခဲ့သည့်အတွက် ချင်းပြည်နယ်အတွင်းရှိ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဖဲနှင့် ကျီးခါးမြို့ စသည့် ချင်းပြည်နယ်မြောက်ပိုင်းဒေသတစ်ခုလုံးအား တပ်မတော်မှ အလုံးစုံထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သဖြင့် ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများ အနေဖြင့်လည်း ၎င်းတို့၏ နေရပ်များသို့ စိတ်အေးချမ်းသာစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကိုလည်း ပြန်လည်လုပ်ဆောင်နိုင်ကြတော့မည်ဖြစ်သည်။ ထိုသို့ တပ်မတော်မှ အဆိုပါမြို့များအား ပြန်လည်ထိန်းချုပ်နိုင်ခြင်းကြောင့် ယခုအခါ ဟားခါး- ဖလမ်း- တီးတိန်- တွန်းဖဲ -ကျီးခါး လမ်းကြောင်းနှင့် ကလေး -ဖလမ်း- ဟားခါး လမ်းကြောင်းများကို ပြန်လည် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှတစ်ဆင့် ချင်းပြည်နယ် မြောက်ပိုင်းမြို့များသို့ ကုန်စည်စီးဆင်းမှုများ ပုံမှန်အတိုင်း ဆောင်ရွက်နိုင်တော့မည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ကုန်ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်တော့မည်ဖြစ်သည်။ ထို့ပြင် ယနေ့တွင်လည်း ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ စီမံဆောင်ရွက်မှုဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများသည် လိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် ကလေးမြို့မှ ထွက်ခွာလာခဲ့ပြီး ညနေပိုင်းတွင် ဖလမ်းမြို့သို့ ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသားပြည်သူများ၊ မြို့မိ မြို့ဖများနှင့် တာဝန်ရှိသူများက ရိုးရာအကများဖြင့် ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



သိမ်းပိုက်ရရှိသည့် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

# နိုင်ငံတကာ အားကစား သတင်းများ




## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆုကို အာဆင်နယ်အသင်း ဆွတ်ခူး

**လန်ဒန် မေ ၂၀**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆုကို အာဆင်နယ်အသင်းက ထိုက်ထိုက်တန်တန်ဆွတ်ခူးခဲ့သည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် (၃၇)ပွဲယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၈၂ မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်ပြီး အဆင့်(၂)နေရာမှ မန်စီးတီးအသင်းကို လေးမှတ်ဖြတ်ကာ ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုမှာပင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ၂၀၀၃-၂၀၀၄ ဘောလုံးရာသီနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပရီးမီးယားလိဂ်ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းနည်းပြ အာတီတာက "အခုလို ပရီးမီးယားလိဂ်ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်အသင်းသားတွေရဲ့ အစွမ်းကုန်ကြိုးစားမှုကြောင့်သာ ယခုချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တာပါ။ နောက်ထပ်လည်း ဆုဖလားတွေ ထပ်မံရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## ကာဂျက်တန်လင့်ဇ်ကို ဟော်ဖန်ဟိမ်းအသင်း ခေါ်ယူ

**မြူးနစ် မေ ၂၀**

ဟော်ဖန်ဟိမ်းအသင်းသည် ဘိုချန်အသင်းကွင်းလယ်ကစားသမား ကာဂျက်တန်လင့်ဇ်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အသက်(၁၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် ဘိုချန်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၁ပွဲကစားပြီး နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားပြီး အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ဟော်ဖန်ဟိမ်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ (အပေါ်ပုံ)

ဟော်ဖန်ဟိမ်းအသင်း၏ ထုတ်ပြန်ချက်တွင် "ကာဂျက်တန်လင့်ဇ်ကို ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နောက်ထပ်ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ (NGB)

## နည်းပြ အန်ဇိုမာရက်စ်ကာကို နည်းပြသစ်အဖြစ်ခန့်အပ်ရန် မန်စီးတီးအသင်းစီစဉ်

**လန်ဒန် မေ ၂၀**

မန်စီးတီးအသင်းသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာတော့မည့် နည်းပြဂွါဒီယိုလာနေရာတွင် အစားထိုးရန်အတွက် နည်းပြ အန်ဇိုမာရက်စ်ကာကို နည်းပြသစ်အဖြစ်ခန့်အပ်ရန် စီစဉ်လျက်ရှိသည်။

အသက်(၄၆)နှစ်အရွယ်ရှိ နည်းပြ အန်ဇိုမာရက်စ်ကာသည်



နည်းပြဘဝတစ်လျှောက်တွင် ပါးမား၊ လက်စတာ၊ ချဲလ်ဆီးစသည့် ကလပ်အသင်းများကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသူတစ်ဦးဖြစ်ခြင်းကြောင့် မန်စီးတီးအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ အန်ဇိုမာရက်စ်ကာကိုယ်တိုင်ကလည်း လက်ရှိအချိန်အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် မန်စီးတီးအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် နည်းပြ အန်ဇိုမာရက်စ်ကာကို မန်စီးတီးအသင်းနည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)
(NGB)

## ဝီလျံအိုဆူလာကို ခေါ်ယူရန် အဲဗာတန်အသင်းနှင့် အက်စတွန်ဗီလာအသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် မေ ၂၀**

အဲဗာတန်အသင်းနှင့် အက်စတွန်ဗီလာအသင်းတို့သည် နယူးကာဆယ်အသင်း တိုက်စစ်မှူး ဝီလျံအိုဆူလာကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် နယူးကာဆယ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၄ပွဲ ကစားပြီး ကိုးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းနှင့် အက်စတွန်ဗီလာအသင်းတို့က အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။(ယာပုံ)

နယူးကာဆယ်အသင်းကလည်း ဝီလျံအိုဆူလာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အဲဗာတန်အသင်းနှင့် အက်စတွန်ဗီလာအသင်းတို့အနေဖြင့် မည်သည့်အသင်းက နယူးကာဆယ်အသင်းမှ ဝီလျံအိုဆူလာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ (NGB)



## အမ်ပါဒူကို စာချုပ်သက်တမ်းတိုးရန် လိဒ်စ်အသင်း စီစဉ်



**လန်ဒန် မေ ၂၀**

လိဒ်စ်အသင်းသည် အသင်းကွင်းလယ်ကစားသမား အမ်ပါဒူကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။ (အပေါ်ပုံ)

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် လိဒ်စ်အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အမ်ပါဒူသည် လိဒ်စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၃ ပွဲကစားကာ သုံးဂိုးသွင်းယူထားသည်။

လိဒ်စ်အသင်း၏ထုတ်ပြန်ချက်တွင် "အမ်ပါဒူကို စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ မကြာမီရက်ပိုင်းအတွင်း စာချုပ်ကိစ္စ အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

(NGB)

## အင်တာမီလန်အသင်းတွင်သာ ကစားသမားဘဝကုန်ဆုံးသွားမည်ဟု လော်တာရိုမာတီနက်ဇ် ပြောကြား

**မီလန် မေ ၂၀**

တိုက်စစ်မှူး လော်တာရိုမာတီနက်ဇ်က မိမိအနေဖြင့် အင်တာမီလန်အသင်းတွင်သာ ကစားသမားဘဝကုန်ဆုံးသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။



အဆိုပါ တိုက်စစ်မှူးကို ပရီးမီးယားလိဂ်ကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အင်တာမီလန် အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး လော်တာရိုမာတီနက်ဇ်သည် အင်တာမီလန်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇၅ ပွဲကစားပြီး ၁၇၅ ဂိုး သွင်းယူထားကာ၊ ယခုနှစ်ဘောလုံးရာသီတွင် စီးရီးအေချန်ပီယံဆု၊ ကိုပါအီတာလီယာချန်ပီယံဆုတို့ကိုလည်း ရယူနိုင်ခဲ့သည်။ (အပေါ်ပုံ)

အသက်(၂၈)နှစ်အရွယ်ရှိ လော်တာရိုမာတီနက်ဇ်က "ကျွန်တော် ကစားသမားဘဝကို ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ။ ကျွန်တော့်မိသားစုကလည်း ဒီမှာ ပျော်ရွှင်နေပါတယ်"ဟု ပြောသည်။ (NGB)

## 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Ugo Humbert တက်ရောက်

**ဟမ်းဘတ် မေ ၂၀**

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ပြင်သစ်တင်းနစ်ကစားသမား Ugo Humbert တက်ရောက်ခဲ့သည်။(အောက်ပုံ)

အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Ugo Humbert



သည် 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် အိမ်ရှင်ဂျာမနီတင်းနစ်ကစားသမား Justin Engel ကို ၆-၃၊ ၃-၆၊ ၇-၆ ဖြင့် အနိုင်ရရှိ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Ugo Humbert နှင့် ရုရှားတင်းနစ်ကစားသမား Karen Khachanov တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(NGB)

## ဖာမင်လိုပက်ဇ် ခြေသလုံးရိုးကျိုးဒဏ်ရာ ခွဲစိတ်ကုသမှုခံယူမည်ဖြစ်သောကြောင့် ရှစ်ပတ်ခန့်အနားယူရမည်



**ဘာစီလိုနာ မေ ၂၀**

ဘာစီလိုနာအသင်းနှင့် စပိန်လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား ဖာမင်လိုပက်ဇ်သည် ခြေသလုံးရိုးကျိုးဒဏ်ရာ ခွဲစိတ်ကုသမှုခံယူမည်ဖြစ်သောကြောင့် ရှစ်ပတ်ခန့်အထိ အနားယူရမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဘာစီလိုနာအသင်းက ဘက်တစ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်၌ ဒဏ်ရာရရှိကာ ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ဖာမင်လိုပက်ဇ် ဒဏ်ရာပြဿနာ နှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘာစီလိုနာအသင်းအတွက်သာမက ကမ္ဘာ့ဖလားယှဉ်ပြိုင်ကစားရန်ရှိသည့် စပိန်လက်ရွေးစင်အသင်းအတွက်လည်း ထိုးနက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဖာမင်လိုပက်ဇ်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၆ပွဲကစားကာ ၃၂ ဂိုး သွင်းယူထားသည်။

(ဝဲပုံ)
(NGB)

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် အရှေ့ငယ်တိုး အခြေခံပညာအလယ်တန်းကျောင်း ပန်းသပြေကျောင်းဆောင်သစ် လွှဲအပ်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး မေ ၂၀**

ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်ရှိ အရှေ့ငယ်တိုး အခြေခံပညာအလယ်တန်းကျောင်းတွင် 100 Schools Project မှ လှူဒါန်းသည့် ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ 100 Schools Project မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီးနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက မင်္ဂလာပါသီချင်းဖြင့် သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မကြာခင် ကျောင်းများ စတင်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းသို့ရောက်ရှိစေရေး၊ ပညာသင်ခွင့်မဆုံးရှုံးစေရေး၊ ကျောင်းစာသင်ခန်းများသို့ရောက်ရှိပြီး တန်းစဉ်ကူးပြောင်းမှု မြင့်မားရေးတို့အတွက် လူတိုင်းဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီလှူဒါန်းခဲ့မှုများအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် 100 Schools Project မှ မန္တလေးမြို့ ပန်းချီဆရာကြီး ဦးစိန်မြင့်က 100 Schools Project အနေဖြင့် ယနေ့အချိန်အထိ မန္တလေးတိုင်းဒေသကြီးအတွင်း ကျောင်းပေါင်း (၄၂)ကျောင်း၊ ကျောက်ဆည်မြို့နယ်အတွင်း ကျောင်းဆောင်ပေါင်း(၉)ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ပြီးမှု၊ အရှေ့ငယ်တိုး အခြေခံပညာအလယ်တန်းကျောင်းအတွက် ဒုတိယမြောက်ကျောင်းဆောင်အဖြစ် ပေ ၉၀ x ပေ ၃၀ အာရ်စီအမျိုးအစား ကျောင်းဆောင်သစ်ထပ်မံ ဆောက်လုပ်လှူဒါန်းခဲ့မှုနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က 100 Schools Project မှ မန္တလေးမြို့ ပန်းချီဆရာကြီး ဦးစိန်မြင့်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီးနောက် 100 Schools Project မှ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောက်ဆည်ခရိုင်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က 100 Schools Project မှ အရှေ့ငယ်တိုး အခြေခံပညာအလယ်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ (၅၀၁) စုံကို ပေးအပ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ၏ ဂုဏ်ပြု ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့်အဖွဲ့၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ၏ ဆက်စပ်ပစ္စည်း ဘက်ထရီများ စနစ်တကျထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ






# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ရန်ကုန်-မန္တလေး ကားလမ်းနှင့် ရန်ကုန်-မန္တလေး မီးရထားလမ်းကြား တိုင်းတာဆောင်ရွက်ထားရှိမှုအခြေအနေအား ကွင်းဆင်းစစ်ဆေး

**မန္တလေး မေ ၂၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများလိုက်ပါ၍ ယနေ့နံနက်ပိုင်းက ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မြောက်ကိုင်းကျေးရွာအုပ်စု၊ ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ်(၃၉၀/၄)နှင့် (၃၉၀/၆)ကြားသို့ သွားရောက်၍ ရန်ကုန်-မန္တလေး ကားလမ်းအနောက်ဘက်နှင့် ရန်ကုန်-မန္တလေး မီးရထားလမ်း အရှေ့ဘက်လမ်းနယ်နှင့် မီးရထားလမ်းကြား မြို့နယ် လမ်းဦးစီးဌာနနှင့် မြန်မာ့မီးရထားတို့မှ တိုင်းတာဆောင်ရွက်ထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။


**(မန္တလေးနေ့စဉ်)**



# လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများသို့ အသိပေးတင်ပြခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများသို့ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားများကို စိစစ်ထုတ်လုပ်၍ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၂) ရက်နေ့မှ စတင်ပြီး အဆင့်ဆင့်တိုးမြှင့် ထုတ်လုပ်ပေးခဲ့ရာ ယနေ့အချိန်အထိ နေ့စဉ် ယူနစ် ၁၀ သန်းခန့်အထိ တိုးမြှင့်ဖြန့်ဖြူး ပေးလျက်ရှိပါသည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှစ၍ အဆင့်လိုက် လျှပ်စစ်ဓာတ်အား တိုးမြှင့်ပေးနေမှုအခြေပြဇယား




၂။ တိုးမြှင့်ရရှိလာသော လျှပ်စစ်ဓာတ်အားများကို နိုင်ငံတစ်ဝန်းရှိ မြို့နယ်များသို့ အချိုးကျတိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိရာ နေ့စဉ် ယူနစ် (၅၉.၄) သန်း ဖြန့်ဖြူးပေးနေရာမှ ယူနစ် (၇၀) သန်းအထိ တိုးမြှင့်လာခြင်းဖြစ်ပါသည်။

၃။ လျှပ်စစ်သုံးစွဲမှု အမြင့်ဆုံးကာလများဖြစ်သည့် ၂၀၂၆ ခုနှစ် ဧပြီလနှင့် မေလတို့အတွက် ဖြန့်ဖြူးပေးနိုင်ခဲ့မှုကို ၂၀၂၅ ခုနှစ် ဧပြီလ၊ မေလတို့နှင့်နှိုင်းယှဉ်ပါက သိသာစွာ တိုးမြှင့်ဖြန့်ဖြူးနိုင်ခဲ့သည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအား ၂၀၂၅ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်ခြင်း




၂၀၂၆ ခုနှစ်၊ မေလ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအား ၂၀၂၅ ခုနှစ် မေလနှင့် နှိုင်းယှဉ်ခြင်း




၄။ ပူပြင်းသည့် ယခုအချိန်အခါများတွင် သုံးစွဲမှုမှာ သိသာစွာတိုးမြှင့်လျက်ရှိသဖြင့် နေရာဒေသအလိုက် အလှည့်ကျ အချိန်ပိုင်းဝန်အားလျှော့ချ၍ ဆောင်ရွက်နေရပါသည်။ သို့ဖြစ်ရာ လျှပ်စစ်မီးပြန်လည်ပေးဝေသည့်အချိန်များတွင် တစ်ပြိုင်တည်း ရယူသုံးစွဲကြသဖြင့် Starting Load များမြင့်တက်ပြီး ဓာတ်အားပြတ်တောက်ခြင်းအပြင် မမျှော်မှန်းနိုင်သည့်အခြေအနေများဖြစ်သည့် မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်းများ စသည့်အခြေအနေများကြောင့် အချိန်ပိုင်းဓာတ်အားပြတ်တောက်ခြင်းများ ဖြစ်ပေါ်နေလျက်ရှိပါသည်။

၅။ ယင်းဖြစ်စဉ်များ လျော့နည်းပပျောက်သွားစေရန်အတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိနေပြီး ဒေသအလိုက် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ၏ ဝန်အားနိုင်နင်းမှုအပေါ် မူတည်ပြီး ပြည်သူများ လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲနိုင်ရေး အဆင့်လိုက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၆။ ပြည်သူ့ဆေးရုံကြီးများ၊ အရေးကြီးဌာနဆိုင်ရာများ၊ LNG ဖြင့် ဓာတ်အားရယူထားသော စက်မှုဇုန်များ၊ စီးပွားရေးလုပ်ငန်းများသို့ အချိန်ပြည့်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားပြီး ရုံးပိတ်ရက်များတွင် အများပြည်သူသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးလျက်ရှိပါသည်။

၇။ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားပြုန်းတီးမှုမဖြစ်ပေါ်စေရေး တစ်ဦးချင်းအနေဖြင့် စနစ်တကျသုံးစွဲရန် လိုအပ်မည် ဖြစ်သကဲ့သို့ ရည်ရွယ်ချက်ရှိစွာ လျှပ်စစ်ဓာတ်အားပြုန်းတီးမှုဖြစ်ပေါ်စေရေး ဆောင်ရွက်နေမှုများကို တိကျစွာတိုင်ကြားလာမှုများအပေါ် ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုရက်သတ္တပတ်အတွင်း တိုင်ကြားသူများ ကျေနပ်မှုရှိသည်အထိ ဝန်ဆောင်မှုပေးနိုင်ခဲ့ခြင်းဖြင့် ပြည်သူများ ဓာတ်အားတိုးမြှင့်ရရှိစေလျက်ရှိပါသည်။

၈။ နိုင်ငံတော်ဓာတ်အားစနစ်အတွင်း လေလွင့်ဆုံးရှုံးမှုများ လျော့နည်းလာခြင်းဖြင့် ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် ပိုမိုရရှိလာကြမည်ဖြစ်ရာ လျှပ်စစ်ဓာတ်အားစနစ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့် ပြည်သူများ နစ်နာစေမှုများ တွေ့ရှိရပါက ဖော်ပြပါ Call Center များသို့ အကြံပြုခြင်း၊ တိကျစွာ တိုင်ကြားခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်-

- **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်)** – ၀၆၇-၃၄၁၀၀၇၂
- **ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)** – ၁၇၁၇
- **မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC)** – ၁၆၁၆၊ ၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot line)
- **ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ** – ဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သော http://www.moep.gov.mm တွင် ဆက်သွယ်ရန် ဖုန်းနံပါတ်များကို ရယူ၍ဆက်သွယ်နိုင်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

# VDP စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ဝမ်းတွင်း မေ ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရက် (၁၀၀)စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး VDP စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို မေ ၁၉ ရက် နံနက်ပိုင်းက ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး၊ အုပ်နဲ့ကျေးရွာမှ ကော်မတီဝင်များ တက်ရောက်ကြသည်။

ဈေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က အဖွင့်အမှာစကားပြောကြားပြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်းနှင့်ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်စေလိုကြောင်း၊ စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDPစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် VDP ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အုပ်နဲ့ကျေးရွာသို့ VDP စီမံကိန်း ရန်ပုံငွေကျပ် ၁၅သန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ) အောင်ရဲကျော်**

# တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး မေ ၂၀**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး တိုက်ကွမ်ဒိုဆပ်ကော်မတီဥက္ကဋ္ဌတို့ ပူးပေါင်းကျင်းပသော ကလပ်ပေါင်းစုံဖိတ်ခေါ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို မန္တလေးမြို့ ဗထူးမိုးလုံလေလုံ အားကစားခန်းမ၌ မေ ၁၈ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ဈေးဦးစွာ ကလပ်ပေါင်းစုံဖိတ်ခေါ်တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ကျင်းပခဲ့ပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ အသက် ရှစ်နှစ်အောက် အမျိုးသမီးပြိုင်ပွဲ၊ အသက် ၁၁ နှစ်အောက် အမျိုးသမီးပြိုင်ပွဲ၊ အသက် ၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ အသက် ၁၈ နှစ်အထက် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများတွင် တစ်ဦးချင်းဆုရသူများ၊ ကကွက်ပြိုင်ပွဲနှင့် အတိုက်ပြိုင်ပွဲတို့တွင် ဆုရရှိသော အသင်းများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုတံဆိပ်များ၊ ဆုဖလားများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**(အောက်ပုံ)**

ကလပ်ပေါင်းစုံဖိတ်ခေါ် တိုက်ကွမ်ဒိုပြိုင်ပွဲကို မေ ၁၆ ရက်မှ မေ ၁၈ ရက်အထိ ကျင်းပခဲ့ပြီး ကလပ်အသင်း စုစုပေါင်း ၁၄ သင်းမှ အားကစားသမားစုစုပေါင်း ၈၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆုချီးမြှင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ တိုင်းဒေသကြီး တိုက်ကွမ်ဒိုဆပ်ကော်မတီဥက္ကဋ္ဌ ဦးမိုးကျော်ထွန်းနှင့်ဇနီး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှိုင်ဌေးအောင်၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဒိုင်လူကြီး ဦးဝင်းဇော်မြင့်၊ တိုက်ကွမ်ဒိုကလပ်အသင်းနည်းပြများနှင့်အားကစားသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ချမ်းမြေ့မောင်**



ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



## မြက်ကျွတ်ပင်

မြက်ကျွတ်ပင်ဟာ လမ်းဘေးမြေစိုစွတ်တဲ့ နေရာတွေမှာ အလေ့ကျပေါက်တဲ့အပင်ပါ။ သူ့ရဲ့ ဆေးဖက်ဝင်ပုံကတော့ တကယ့်ကို ထူးခြားအံ့မခန်းပါပဲ။

မြက်ကျွတ်ပင်ဟာ အေးတဲ့သတ္တိရှိသောကြောင့် ခန္ဓာကိုယ်တွင်းက အပူတွေကို ငြိမ်းအေးစေပြီး ရှေးလူကြီးတွေ အမြတ်တနိုး အသုံးပြုခဲ့ကြတဲ့ တိုင်းရင်းဆေးပင်တစ်မျိုးဖြစ်ပါတယ်။

### အပူငြိမ်းစေတယ်

ခန္ဓာကိုယ်တွင်း အပူအောင်းတာ၊ ရင်ပူတာနဲ့ ရေငတ်တာတွေကို လျော့ပါးစေပါတယ်။

### အရောင်ကျစေတယ်

ကိုယ်တွင်းရောင်ရမ်းမှုတွေကို လျော့ကျစေလို့ အဆစ်အမြစ်ကိုက်ခဲတာ၊ အကြောတက်တာနဲ့ ပူစပ်ပူလောင်ဖြစ်တာတွေအတွက် အလွန်ထိရောက်ပါတယ်။

### ဆီးရွှင်စေတယ်

ဆီးလမ်းကြောင်းကို သန့်စင်ပေးပြီး ဆီးအောင့်တာ၊ ဆီးကျဉ်တာနဲ့ ဖောရောင်တာတွေကို သက်သာပျောက်ကင်းစေပါတယ်။

### အဖျားကျစေတယ်

အဖျားတက်တဲ့အခါမျိုးမှာ ခန္ဓာကိုယ်က အဆိပ်အတောက်တွေကို ဖယ်ရှားပေးပြီး အဖျားကျစေဖို့ ကူညီပေးပါတယ်။

### အသုံးပြုနည်း

မြက်ကျွတ်ပင်တစ်ပင်လုံးကို သန့်စင်အောင်ဆေးကြောပြီး ရေနဲ့ ၁၀ မိနစ်မှ ၁၅ မိနစ်ခန့် ဆူအောင်ပြုတ်ပါ။ ပြီးရင် နွေးနွေးလေး တစ်နေ့ကို တစ်ဖန်ခွက်သောက်သုံးနိုင်ပါတယ်။

တို့စရာအဖြစ် ပြုတ်၍ဖြစ်စေ၊ ဟင်းချိုထဲ ထည့်ချက်၍ဖြစ်စေ စားသုံးပေးခြင်းဖြင့် ကျန်းမာရေးကို အားဖြည့်ပေးပါတယ်။

အရေပြားယားယံတာ (သို့မဟုတ်) ရောင်ရမ်းတာဖြစ်ရင် ဖြစ်တဲ့နေရာတွေမှာ အရွက်ကိုထောင်းပြီး အုံပေးရင် ပျောက်ကင်းပါတယ်။



## ပေါက်ပင်

ပေါက်ပင်ဟာ ခန္ဓာကိုယ်ခုခံနိုင်မှုစွမ်းအားကို မြင့်တက်စေပါတယ်။ အသက်ရှုလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးကို ကောင်းစေပါတယ်။

ပိုးမွှားရောဂါကျရောက်မှုကို ကာကွယ်ပေးနိုင်ပါတယ်။ အစာခြေစနစ်ကို ကျန်းမာစေပါတယ်။

ခီမိုသရဖီကုထုံးနဲ့ ကင်ဆာရောဂါကုသရာမှာ ကုသနည်းကြောင့် ခန္ဓာကိုယ်က တုံ့ပြန်ခံစားမှုကို သက်သာစေရန် ကူညီပေးပါတယ်။

သွေးတွင်းအချိုဓာတ်ကို ထိန်းပေးခြင်းဖြင့် ဆီးချိုရောဂါကို သက်သာစေပါတယ်။

အသည်းကျန်းမာရေးကို အထောက်အကူပြုကာ အသည်းကို ကာကွယ်ပေးပါတယ်။ ပန်းပွင့်မှာပါဝင်တဲ့ Butrinနဲ့ Isobutriစတဲ့ Flavonoids များက ဓာတ်တိုးဆန့်ကျင်ပစ္စည်း Glutathione ပမာဏကို မြှင့်တင်ပေးခြင်းဖြင့် အသည်းမှ ဆဲလ်များပျက်စီးမှုမရှိစေရန် ကာကွယ်ပေးပါတယ်။

ခန္ဓာကိုယ်တွင်း သွေးလှည့်ပတ်မှုကို မှန်စေပြီး နှလုံးကျန်းမာရေးကို ကောင်းမွန်စေပါတယ်။

ကျောက်ကပ်မှာ Calcium Oxalateများ စုပုံနေခြင်းကို လျော့နည်းစေခြင်းဖြင့် ကျောက်ကပ်မှာ ကျောက်တည်ခြင်းကို လျော့နည်းစေရန် ကူညီပေးပါတယ်။

စိတ်ပူပန်မှုကို သက်သာစေပြီး စိတ်ကိုတည်ငြိမ်စေပါတယ်။

ထိခိုက်ဒဏ်ရာများကို ပျောက်ကင်းသက်သာစေပြီး အနာကျက်တာ မြန်စေပါတယ်။ အရိုးကို ခိုင်မာစေပြီး အရိုးကျန်းမာရေးကို ကောင်းစေပါတယ်။

ကြွက်သားများကို သန်မာစေပါတယ်။ အဆီများစုလာမှုကို လျော့နည်းစေပြီး ဇီဝစက်လည်ပတ်မှုကို ထိန်းပေးခြင်းဖြင့် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းပေးနိုင်ပါတယ်။

ရောင်ရမ်းမှုကို လျော့စေပါတယ်။ ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိရှိတဲ့အတွက် ဓာတ်တိုးခြင်းကြောင့် ဆဲလ်များထိခိုက်ပျက်စီးမှုကို ကာကွယ်ပေးပါတယ်။

အစေ့ကို သွေးပြီး လိမ်းပေးပါက အရေပြားယားယံခြင်းကို သက်သာစေပြီး အရေပြားရောဂါများကို ပျောက်ကင်းစေပါတယ်။

ပေါက်ပွင့်အမှုန့်ကို ရေနဲ့ရောပြီး ဦးခေါင်းမှာလိမ်းထားကာ နာရီဝက်လောက်ထားပြီးမှ ခေါင်းလျှော်ပေးပါက ဆံပင်ကျွတ်တာ သက်သာစေပါတယ်။



## ငုဝါ

အလှအပကို မြတ်နိုးသူတွေအတွက်နဲ့ ကျန်းမာရေးလိုက်စားသူတွေအတွက် ငုဝါပင်ရဲ့ ကျန်းမာရေးအကျိုးပြုပုံတွေကို ဖော်ပြပေးလိုက်ပါတယ်။

ဝါဝင်းတဲ့ ငုပွင့်ဖတ်လေးတွေကို ထောင်းပြီး မျက်နှာကို ပေါင်းတင်ပေးရင် နေရောင်ကြောင့်ဖြစ်တဲ့ တင်းတိပ်တွေကို ပျောက်ကင်းစေပြီး ညီညစ်တဲ့ အသားအရေကို ဖြူစင်ဝင်းမွတ်စေပါတယ်။

ငုသီးရဲ့အနှစ်ကို စားပေးရင် ဝမ်းပျော့စေပြီး သွေးသားကို စင်ကြယ်စေပါတယ်။ ငှင်းအနှစ်ကို ရေနွေးနဲ့ဖျော်ပြီး မျက်နှာကိုလိမ်းပေးရင် ပါးရေတွန့်တာကို သိသိသာသာ သက်သာစေပြီး အသားအရေကို နုးညံ့စေပါတယ်။ (သနပ်ခါးနဲ့ ရောလိမ်းရင်လည်း ရပါတယ်။)

နာတာရှည် နှင်းခူရောဂါ၊ ရေယုန်၊ ပွေး၊ ဝဲ၊ ယားနာနဲ့ နူနာရောဂါကုသရာမှာလည်း ငုရွက်ကို ထောင်းပြီး ကပ်ပေးရင် သက်သာပျောက်ကင်းစေပါတယ်။

ငုဝါဟာ လေးဖက်နာ၊ အဖျားရောဂါ၊ နှလုံး၊ လေချုပ်၊ လေနာတွေကိုပါ နိုင်ပါတယ်။ အရေပြားရောဂါတွေကို ပျောက်ကင်းစေပြီး အသားအရေကို တင်းရင်းစေလို့ အလှကုန်ပစ္စည်းတွေမှာလည်း အသုံးများလာပါတယ်။



## ကနဖော့

အသည်းအားနည်းခြင်း၊ အရက်သောက်၍ အသည်းပျက်စီးခြင်း၊ အသည်းတွင် ပိုးရှိသောရောဂါများတွင် ကနဖော့ပင်ကို ဆန်ဆေးရည်၊ မုန်ညှင်းဆီထည့်ပြုတ်ပြီး ဆားအနည်းငယ်ဖြင့် ရောစပ်သောက်သုံးပါက အသည်းအားကောင်းစေပါတယ်။

ကျောက်ကပ်ကျောက်တည်ပါက ကနဖော့ပြုတ်ရည်ကို သကြား(သို့မဟုတ်)ပျားရည်နဲ့ သောက်ပေးပါက ပျောက်ကင်းပါတယ်။

ရေဖျင်းစွဲ၍ ဖောရောင်ပါက ကနဖော့ကိုပြုတ်၍စားခြင်း၊ ပြုတ်ရည်ဖြင့် ချွေးအောင်းပါက သက်သာပျောက်ကင်းစေပါတယ်။

ရေကျောက်ရောဂါနဲ့ အရေပြားရောဂါများအတွက်လည်း ကနဖော့ကြိတ်ရည်ကို သောက်ပေးပါက ပျောက်ကင်းပါတယ်။

ဆီးပူညောင်းကျရောဂါဖြစ်ပါက အရွက်သတ္တုရည်ကို နွားနို့နဲ့ဖြစ်စေ၊ ဆိတ်နို့နဲ့ဖြစ်စေ ရောစပ်၍ သောက်သုံးပါက ပျောက်ကင်းပါတယ်။

အရေပြားယားယံပါက အပင်ပြုတ်ရည်ဖြင့် ရေချိုးပေးပါက ပျောက်ကင်းပါတယ်။

ဦးခေါင်းပူပါက ကနဖော့ရွက်ကို ကြိတ်၍ ဦးခေါင်းငယ်ထိပ်တွင် အုံပေးပါက သက်သာပျောက်ကင်းစေပါတယ်။



## ကျားမှတ်ဆိတ်ပင်

သွေးတိုးရောဂါကျစေရန်အတွက် အမြစ်ကို အသုံးပြုကြပါတယ်။

ကိုယ်လက်မအီမသာဖြစ်ခြင်း၊ အားအင်ချည့်နဲ့ခြင်းများအတွက် အားဆေးအဖြစ်သုံးစွဲနိုင်ပါတယ်။

အစာအိမ်နာခြင်း၊ လေထိုးလေအောင့်ဖြစ်ခြင်းနဲ့ အစာမကြေရောဂါများအတွက် ထိရောက်မှုရှိပါတယ်။

ဆီးရွှင်စေရန်နဲ့ ကျောက်ကပ်အားကောင်းစေရန်အတွက်လည်း ဖော်စပ်အသုံးပြုလေ့ရှိပါတယ်။

အမျိုးသားများအတွက် ခွန်အားဖြည့်ဆေးအဖြစ်လည်း အသုံးပြုပါတယ်။

### အသုံးပြုပုံ

အမြစ်ကို သန့်စင်အောင်ဆေးကြော၍ ပါးပါးလှီးပြီး နေလှန်းပါ။ ခြောက်သွေ့သွားပါက အမှုန့်ကြိတ်ပြီး သိမ်းဆည်းထားပါ။

### သောက်သုံးနည်း

အမှုန့်ကို ရေနွေးဖြင့် ဖျော်သောက်ခြင်း (သို့မဟုတ်) ပျားရည်နဲ့ စားသုံးနိုင်ပါတယ်။

အမြစ်ကိုပြုတ်၍ ပြုတ်ရည်ကိုလည်း သောက်သုံးနိုင်ပါတယ်။

အမြစ်ကိုသွေး၍ အနာစိမ်းများ၊ ရောင်ရမ်းသောနေရာများကို လိမ်းပေးပါက အမြန်သက်သာပျောက်ကင်းစေပါတယ်။

### အကြံပြုချက်

ကျားမှတ်ဆိတ်ပင်သည် ဆေးဖက်ဝင်သော်လည်း အလွန်အကျွံသောက်သုံးခြင်းကို ရှောင်ကြဉ်သင့်ပါတယ်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များနဲ့ နို့တိုက်မိခင်များအနေဖြင့် ဆရာဝန် (သို့မဟုတ်) ကျွမ်းကျင်တဲ့ တိုင်းရင်းဆေးဆရာများနဲ့တိုင်ပင်ပြီးမှသာ အသုံးပြုသင့်ပါတယ်။



## ကျည်းနီပင်

ကျည်းနီသီးကိုသွေးပြီး ဦးခေါင်းတစ်ခုလုံးကို လိမ်းပေးခြင်းဖြင့် သုံးလကြာပါက ဆံပင်ဖြူများကို ပြန်နက်လာစေပါတယ်။

ကျည်းနီသီးကို ကြိတ်ချေပြီး သုံးခွက်တစ်ခွက်တင်ကျို၍ သောက်ပါက အစာအိမ်အချဉ်ပေါက်ခြင်း၊ လေအောင့်ခြင်းတို့ကို ပျောက်ကင်းစေပါတယ်။ မျက်စိအောင့်ပါက အသီးအဆန်ကို သွေးလိမ်းပါက ပျောက်ကင်းပါတယ်။

ကျည်းနီသီးအဆန်ကို ဆိတ်ကျင်ငယ်ရည်နဲ့သွေး၍ ရှူပေးပါက ခေါင်းတစ်ခြမ်းကိုက်သောရောဂါပျောက်ကင်းပါတယ်။ ကျည်းနီသီးအဆန်ကို ပေါက်ပန်းဖြူရွက်ကြိတ်ရည်နဲ့ရော၍စားသုံးပေးပါက ပန်းသေရောဂါပျောက်ကင်းပါတယ်။ ကြိတ်မှန်ရွက်ကြိတ်ရည်နဲ့ အသီးအဆန်ကိုသွေးပြီးသောက်ပါက ကိုယ်ရောင်ဝါရောဂါနဲ့ လေလုံးရောဂါများကို ပျောက်ကင်းစေပါတယ်။ သစ်ပုလွေအရည်နဲ့ အသီးအဆန်ကိုကြိတ်ပြီး လိမ်းပေးပါက ညှပ်ရိုးတစ်လျှောက် အနာပေါက်ခြင်းကို လျင်မြန်စွာ ပျောက်ကင်းစေပါတယ်။ ကျည်းနီသီးအဆန်နဲ့ မရိုးရွက်ကို ဆတူကြိတ်ပြီး လိမ်းပေးပါက ခါးနာရောဂါကို ပျောက်ကင်းစေပါတယ်။ ကျည်းနီသီးဆန်ကို ရေနွေးနဲ့သွေးလိမ်းပေးပါက ကင်းမြီးကောက်အဆိပ်ကို ပြေပျောက်စေပါတယ်။

ကျည်းနီရွက်ကို ကျိုသောက်ပါက ဝမ်းဖောဝမ်းရောင်ကို သက်သာပျောက်ကင်းစေပါတယ်။ ကျည်းနီမြစ်ကိုကျိုပြီးသောက်ပါက ဝမ်းသွားစေပါတယ်။ ကျည်းနီသီးအဆန်ကို အခြားဆေးအမယ်များနဲ့ရောစပ်၍လည်း အမျိုးမျိုးအသုံးပြုနိုင်ပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား – Tik Tok**

# ဟန်တာဗိုင်းရပ်စ်(Hantavirus)ရောဂါအကြောင်းသိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show) ဆောင်ရွက်



**မြို့သစ် မေ ၂၀**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ဟန်တာဗိုင်းရပ်စ် (Hantavirus)ရောဂါနှင့်ပတ်သက်၍ ပြည်သူများ အသိပညာဗဟုသုတရရှိစေရန်နှင့် ရှောင်ကြဉ်ရမည့်အချက်များ သိရှိနိုင်စေရန်အတွက် ဟန်တာဗိုင်းရပ်စ်(Hantavirus) ရောဂါအကြောင်းသိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲ (Talk Show)တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်နှင့်အငယ်တန်းစာရေး ဦးဝေသျှံဖြိုးတို့က ဟန်တာဗိုင်းရပ်စ်ရောဂါဆိုသည်မှာ၊ ဟန်တာဗိုင်းရပ်စ်ရောဂါ စတင်ဖြစ်ပွားလာသည့် အကြောင်းအရင်း၊ ဟန်တာဗိုင်းရပ်စ်ရောဂါပိုးကူးစက်ပုံ၊ ဟန်တာဗိုင်းရပ်စ်ကူးစက်နိုင်ခြေရှိသူများ၊ ဟန်တာဗိုင်းရပ်စ်ရောဂါလက္ခဏာများ၊ ဟန်တာဗိုင်းရပ်စ်၏ နောက်ဆက်တွဲဆိုးကျိုးများ၊ ဟန်တာဗိုင်းရပ်စ်ရောဂါကုသခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**

# စာဖတ်ရှိန်မြှင့်တင်ရေး စာစီစာကုံး ပြိုင်ပွဲကျင်းပ

**စဉ့်ကိုင် မေ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club )အဖွဲ့နှင့် အခြေခံပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက စာဖတ်ရှိန်မြှင့်တင်ရေး စာစီစာကုံး ပြိုင်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ကျောင်းသား၊ ကျောင်းသူ လူငယ်များ၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကျောင်းစာအပြင် ပြင်ပစာပေများနှင့် ထိတွေ့ပြီး အသိပညာဗဟုသုတများ တိုးပွားစေရန်၊ လူအများအလယ်တွင် ရဲဝံ့စွာ ပြောဆိုပြုမူတတ်စေရန်၊ နှုတ်မှုစွမ်းရည်များ တိုးပွားလာရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရရှိစေရန် ယခုလိုပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး သက်ဆိုင်ရာ အကဲဖြတ်ဒိုင်များက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့် အမှတ်ပေးစည်းမျဉ်းများကို ပြိုင်ပွဲဝင်သူများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၄ ဦးတို့က "စာဖတ်ခြင်း၏ အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ယာပုံ)

**ကျော်စွာ(စဉ့်ကိုင်)**

၀-၀-၀-၀-၀-၀-၀



ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့။




# Myanmar Fitness Dance သင်တန်း(အခမဲ့)ဖွင့်လှစ်

**ကျောက်ဆည် မေ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်များ ကျန်းမာကြံ့ခိုင်ပြီး ဘက်စုံဖွံ့ဖြိုး၍ ဉာဏ်ရည်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများဖြစ်စေရန်နှင့် နွေရာသီအားလပ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ယမန်နေ့ နံနက် ၈ နာရီက Myanmar Fitness Dance သင်တန်း(အခမဲ့) ဖွင့်လှစ်ခဲ့သည်။

Myanmar Fitness Dance အားကစားပြုလုပ်ခြင်းဖြင့် အရိုးနှင့် ကြွက်သားများ သန်မာစေခြင်း၊ ကာယပိုင်း၊ ဉာဏပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ တိုးတက်လာခြင်း၊ ကျန်းမာရေးနှင့်သက်ဆိုင်သည့် ရောဂါများ ဖြစ်စေနိုင်သည့် အခွင့်အလမ်းများ လျော့နည်းစေခြင်း၊ ကိုယ်အလေးချိန်ထိန်းချုပ်နိုင်သည့် နည်းလမ်းကောင်း တစ်ခုဖြစ်ခြင်း၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ခြင်း၊ အမောခံနိုင်ခြင်း၊ သက်လုံကောင်းခြင်း၊ ဦးနှောက်ကြည်လင်ခြင်း၊ ဉာဏ်ရည်ထက်မြက်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

သင်တန်းသို့ ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ မေ ၁၈ ရက်မှ ၂၄ ရက်အထိ ခုနစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် နွေရာသီအားလပ်ရက်များတွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်အတွက် Myanmar Fitness Dance သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

(ယာပုံ)

**စုစုအေး(ကျောက်ဆည်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## နယုန်အလှ စာပွဲ့ကြ

\- - - - - - - - - - - -

* လ, နယုန် မိုးပွင့်သေး
မြက်သားမွေး အချိန်အခါ
ထူးခြားလျက်သာ။

* စံပယ်ပန်း ပွင့်ဝေဆာ
ခူးဆွတ်ကာ ယူသေး။
မြတ်စိန္တေ ကပ်လှူဒါန်းလို့
ရွှင်လန်းစိတ်လေး။

* နယုန်,ဆို စာပြန်ပွဲ
ကျင်းပမြဲ နှစ်စဉ်လေ
ယနေ့ထိပေ။

* မြတ်ဗုဒ္ဓ ပရမေ
နှုတ်မြွက်ခြွေ ဓမ္မ။
ထေရ်သံဃာ အရှင်မြတ်တို့
ကျက်မှတ်ပြန်ကြ။

* ဖိုးတောင်သူ လယ်ယာထဲ
ထွန်ယက်ဆဲ ကြေညက်စွာ
နွားနှင့်ဖက်ကာ။
မိုးစက်ပွင့် ကြွေကျလာ
လယ်ကွင်းဟာ ရေဖွေး။
စိုက်ပျိုးပေ သီးနှံများတို့
(အိုကွယ်)
ကြိုးစားကြလေး။ ။

**ဇဂျမ်းရွာကျောင်းအိုသား**



# မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း အကြိမ်(၁၂၀)မြောက် နယုန်လ စာချတန်း၊ စာသင်တန်း ရေးဖြေစာမေးပွဲ ကျင်းပ



**မန္တလေး မေ ၂၀**

မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း ၁၃၈၈ ခု၊ အကြိမ်(၁၂၀)မြောက် နယုန်လ စာချတန်း၊စာသင်တန်းစာလျှောက်မေးခန်း ရေးဖြေစာမေးပွဲများကို မေ ၁၉ ရက်မှ ၂၃ ရက်အထိ ချမ်းအေးသာစံမြို့နယ်၊ ၈၅လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ အသင်းတိုက်ခန်းမဆောင်တွင် ကျင်းပရာ မန္တလေး၊ ရန်ကုန်၊ စစ်ကိုင်း၊ မုံရွာမြို့များရှိ ပရိယတ္တိစာသင်တိုက်များမှ သာသနာ့အာဇာနည်လောင်းလျာများ ဝင်ရောက်ဖြေဆိုကြရာ ပရိယတ္တိသာသနဟိတအသင်းဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အမှုဆောင်များက ကြီးကြပ် ဆောင်ရွက်ပေးကြသည်။

အကြိမ်(၁၂၀)မြောက် နယုန်လ သီးခြားစာချတန်းနှင့် သီးခြားစာသင်တန်းစာလျှောက်မေးခန်း ပထမနေ့တွင် ချမ်းအေးသာစံမြို့နယ်၊ ဝါးတန်းရပ်နေ လက်ဖက်ခြောက်ပွဲစားကြီး ဦးထွန်း+ဒေါ်ဝင်းစိန် မိသားစုက နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (ဝ၄၅)**



# ဗုဒ္ဓပူဇနီယပွဲတော်နှင့် အာစရိယပူဇော်ပွဲ ကျင်းပ

**မန္တလေး မေ ၂၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စေမွန်လှ သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတဘက် နဂါးကိုးကောင်ဘုရား၊ လောကချမ်းသာ အလိုတော်ပြည့်ဘုရားဓမ္မာရုံ၌ ဗုဒ္ဓပူဇနီယပွဲတော်နှင့် အာစရိယပူဇော်ပွဲကို နယုန်လဆန်း ၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်နှင့်အတူ ဘွဲ့ရ ဒုတိယ ရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၇/၈၆) သင်တန်းဆင်းအရာရှိများ၏ နှစ်(၄၀)မြောက် အာစရိယပူဇော်ပွဲကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက အနေကဇာတင်ကြသည်။ ဆက်လက်၍ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော်များထံမှ ပရိသတ်များက သီလခံယူဆောက်တည်ခဲ့ကြပြီး ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြသည်။

ဆက်လက်၍ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူခဲ့ကြသည်။ ထို့နောက် လှူဒါန်းမှု အစုစုတို့အတွက် ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရား နာယူကြည်ညိုကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြပြီး ဒုရဲအုပ်လောင်း သင်တန်းဆင်းအရာရှိမိသားစုများက ဆရာကန်တော့ပွဲကို ဆက်လက်ကျင်းပခဲ့ကြသည်။ ရှေးဦးစွာ မန္တလေးရဲအတတ်သင်သိပ္ပံ ကျောင်းမှ ဆရာတစ်ဦးက တပည့်များအား သြဝါဒစကား ပြောကြားခဲ့ပြီး ရမည်းသင်း ရဲအတတ်သင်သိပ္ပံကျောင်းမှ ဆရာတစ်ဦးက တပည့်များအား ဆုံးမသြဝါဒစကား ပြောကြားပြီး သင်တန်းဆင်းအရာရှိများက ကန်တော့ပစ္စည်းများဖြင့် ဂါရဝပြု ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။ **(ကဆ)**



**မန္တလေး၊ ချမ်းအေးသာစံမြို့နယ် မလွန်ဈေးဆန်လှူအသင်းကြီးသို့ မေ ၁၃ ရက်က မန္တလေး၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ မလွန်ဂျင်းတန်းရပ်နေ မဝေမာဝင်း (အ.ထ.က-၄) ကွယ်လွန်ခြင်း တစ်လပြည့်အား ရည်စူး၍ မလွန်ဈေးဆန်လှူအသင်းကြီး၏ဥက္ကဋ္ဌ ဦးစိန်ဝင်း+ဒေါ်ချောစုနှင့် ကျန်ရစ်သူမိသားစုက သက်တော်ရှည်ဆရာတော်ကြီးများ ပူဇော်ပွဲ ရာသက်ပန် လှူဒါန်းနိုင်ရန် ငွေကျပ် ငါးသိန်းနှင့် ကွမ်းသီးတိုက်တန်းပြန်လည်ဆောက်လုပ်နိုင်ရန် ငွေကျပ် ငါးသိန်း၊ စုစုပေါင်း ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ အသင်းကြီးအတွင်းရေးမှူး ဦးကြည်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ဝ၇ဝ)**

# ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ကျင်းပ

**မန္တလေး မေ ၂၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ် မြတောင်ကျောင်းတိုက်အတွင်းရှိ ရာပြည့်ဗိမာန်တော်ကြီး၌ မေ ၁၈ ရက် မွန်းလွဲပိုင်းက ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲ ကျင်းပခဲ့သည်။

အဆိုပါ ၂၀၂၆ ခုနှစ် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို မြတောင်ကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တရာဇိန္ဒာဘိဝံသနှင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မတို့၏ ကြီးကြပ်မှုဖြင့် ကျင်းပခြင်းဖြစ်ပြီး စုစုပေါင်း ၁၅၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ စာမေးပွဲကို မေ ၁၈ ရက် မှ ၂၀ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့သည်။

စာမေးပွဲ ကျင်းပရာတွင် ရတနာဘုမ္မိအနောက်ရပ်ကွက်နှင့် မဟာအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးများက လိုအပ်သည်များကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြပြီး စာမေးပွဲဖြေဆိုသူများနှင့် ကြီးကြပ်ဆရာတော်ကြီးများအတွက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇင်မာထွန်းနှင့်အဖွဲ့ဝင်များက သောက်ရေသန့်နှင့် အချိုရည်ဘူးများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**(မန္တလေးနေ့စဉ်-၈)**



# ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး မေ ၂၀**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် အောင်မြေသာစံမြို့နယ်၊ ၆၂ လမ်း၊ နန်းတော်ရှေ့ ဒေါနဘွား ရပ်ကွက်ရှိ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ယာဉ်ပုံရုပ်၊ အမှတ်(၃၈/က)နေ ဦးအုန်းမောင် + ဒေါ်ချစ်ချစ် မိသားစုက ဆေးပဒေသာပင် ငွေကျပ် သုံးသိန်းကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ရုံးအုပ်ကြီး ဦးစိုးမြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**




ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅ လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန ဖုန်း ဝ၉-၈၉၂၉၅၃ဝ၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၁)**

*-*-*-*-*-*-*



**မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် 'နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေမြဲဖို့ မိဘပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့' လက်ကမ်းစာစောင်များကို ယမန်နေ့က ပြည်သူများအား ဖြန့်ဝေပေးစဉ်။**

**တင့်လွင်ဦး**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ ကျင်းပ

**ကျွန်းလှ မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၆ ခုနှစ်၊ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီက အခြေခံပညာအထက်တန်းကျောင်းခန်းမ(ကျွန်းလှ)၌ ကျင်းပသည်။

အဆိုပါ ပန်းချီပြိုင်ပွဲတွင် ၂၀၂၆ ခုနှစ် သတ်မှတ်ထားသည့် ဆောင်ပုဒ်များဖြင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အထူးဖိတ်ကြားချက်အရ ရုရှားသမ္မတ ဗလာဒီမာပူတင် အလည်အပတ်လာရောက်



**ပေကျင်း မေ ၂၀**

ရုရှားသမ္မတ ဗလာဒီမာ ပူတင်သည် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးအလည်အပတ်ခရီးစဉ်အဖြစ် မေ ၁၉ ရက်ညပိုင်းက တရုတ်နိုင်ငံ ပေကျင်းမြို့တော်သို့ ရောက်ရှိလာကြောင်း ဆင်ဟွာ သတင်းဌာနက ဖော်ပြသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အထူးဖိတ်ကြားချက်အရ သမ္မတ ပူတင်သည် မေ ၁၉ ရက်မှ ၂၀ ရက်အထိ တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ခြင်း ဖြစ်သည်။

နှစ်နိုင်ငံ သမ္မတများသည် နှစ်ဦးနှစ်ဖက်ဆက်ဆံရေး၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံလုံးက စိတ်ဝင်စားသည့် နိုင်ငံတကာနှင့် ဒေသတွင်း အရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ယခုနှစ်သည် တရုတ်-ရုရှား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးထူထောင်သည့် နှစ်(၃၀)ပြည့်မြောက်သည့်နှစ် ဖြစ်သကဲ့သို့ တရုတ်-ရုရှား အိမ်နီးချင်းကောင်းပီသမှုနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးသည့် (၂၅) နှစ်ပြည့်မြောက်သည့်နှစ်လည်းဖြစ်ကြောင်း သိရသည်။

**Mon**

## ဗြိတိန်နိုင်ငံသားများအပါအဝင် နိုင်ငံအများအပြားမှ ခရီးသွားများ ထိုင်းတွင် ရက် ၃၀ ထက်ကျော်လျှင် ဗီဇာလျှောက်ထားရတော့မည်

**ဘန်ကောက် မေ ၂၀**

ဗြိတိန်နိုင်ငံသားများအပါအဝင် နိုင်ငံအများအပြားမှ ခရီးသွားများသည် ထိုင်းနိုင်ငံတွင် ရက်ပေါင်း ၃၀ ထက်ကျော်လွန်၍ နေထိုင်လိုပါက မကြာမီ ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားရတော့မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကိုဗစ်ကပ်ရောဂါအလွန် စီးပွားရေးမြှင့်တင်ရန် အစိုးရ၏ ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင်လမှစတင်၍ နိုင်ငံပေါင်း ၉၃ နိုင်ငံမှ ကမ္ဘာလှည့်ခရီးသွားများကို ရက်ပေါင်း ၆၀ အထိ ဗီဇာမလိုဘဲ လာရောက်လည်ပတ်ခွင့်ပြုခဲ့သည်။

သို့သော်လည်း အဆိုပါဗီဇာကင်းလွတ်ခွင့်ကို ရုပ်သိမ်းမည့် အစီအစဉ်များကို ယမန်နေ့က အတည်ပြုခဲ့ပြီး ခရီးသွားများ မည်မျှကြာအောင် နေထိုင်နိုင်မည်ဆိုသည်ကို နိုင်ငံတစ်ခုချင်းစီအပေါ်မူတည်၍ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**

## AI ပြိုင်ဆိုင်မှု ပြင်းထန်လာချိန်တွင် ဂူဂဲလ်က Gemini AI အေးဂျင့်သစ် လုပ်ဆောင်ချက်များ မိတ်ဆက်

**ဝါရှင်တန် မေ ၂၀**

အမေရိကန် နည်းပညာကုမ္ပဏီကြီးဂူဂဲလ်က ၎င်း၏ Gemini AI အေးဂျင့်လုပ်ဆောင်ချက်များကို အဆင့်မြှင့်တင်ကာ သုံးစွဲသူတစ်ဦးချင်းစီထံ တိုးချဲ့ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ကမ္ဘာတစ်ဝန်း AI ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်တွင် ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာချိန်၌ ယင်းကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လူတိုင်းအဆင်ပြေစွာ အသုံးပြုနိုင်ရန် AI အေးဂျင့်များ၏ စွမ်းဆောင်ရည်ကို ဘေးကင်းလုံခြုံသည့် နည်းလမ်းဖြင့် သုံးစွဲသူများထံ ပို့ဆောင်ပေးနိုင်ရေးကို အထူးအာရုံစိုက်ဆောင်ရွက်လျက်ရှိကြောင်း ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဆန်ဒါပီချိုင်းက ပြောကြားခဲ့သည်။

Developer များအတွက် ကယ်လီဖိုးနီးယားပြည်နယ်၌ ကျင်းပပြုလုပ်သည့် နှစ်ပတ်လည် နည်းပညာမိတ်ဆက်ညီလာခံတွင် Gemini AI အေးဂျင့်၏ ပြောင်းလဲတိုးတက်မှုများကို ဂူဂဲလ်က ထုတ်ဖော်ကြေညာခဲ့ခြင်းဖြစ်သည်။ ခေတ်မီ AI အေးဂျင့်သစ်သည် လုပ်ငန်းတာဝန်အမျိုးမျိုးကို အလိုအလျောက် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီ၏ ပြောကြားချက်အရ AI အေးဂျင့်သစ်သည် သုံးစွဲသူ၏ ခွင့်ပြုချက်ဖြင့် အက်ပလီကေးရှင်းအများအပြားမှ အချက်အလက်များကို တစ်နေ့တာလုံး စုဆောင်းနိုင်မည်ဖြစ်ပြီး စာရွက်စာတမ်းများ ဖန်တီးခြင်းနှင့် ပေးပို့ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ဥပမာအားဖြင့် Gemini သည် ကလေးများ၏ကျောင်းများမှ နောက်ဆုံးရသတင်းအချက်အလက်များကို အလိုအလျောက် စစ်ဆေးပေးနိုင်မည်ဖြစ်ပြီး အရေးကြီးသည့် အကြောင်းအရာအလိုက် သတ်မှတ်ရက်များကို ခွဲခြားထုတ်ယူကာ စုစည်းထားသော နေ့စဉ်မှတ်တမ်းများကို မိသားစုဝင်များထံ ပေးပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် AI အေးဂျင့်သစ်သည် လစဉ်ခရက်ဒစ်ကတ် ထုတ်ပြန်ချက်များကို စိစစ် ပိုင်းခြားနိုင်မည်ဖြစ်ပြီး လစဉ်ကြေး၊ နှစ်စဉ်ကြေးအသစ်များ သို့မဟုတ် လျှို့ဝှက်စာရင်းသွင်းထားသည့် ငွေကြေးစာရင်းများကိုလည်း သတိပေးနိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီက ဆိုသည်။



လာမည့်သီတင်းပတ်မှ စတင်၍ ဂူဂဲလ်သည် ၎င်း၏ အခကြေးငွေပေးသွင်း အသုံးပြုသူများအတွက် AI အေးဂျင့်သစ်ကို စတင်မိတ်ဆက်ပေးသွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် ပိုမိုကျယ်ပြန့်သော သုံးစွဲသူများထံ တိုးချဲ့ပံ့ပိုးပေးသွားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် AI အေးဂျင့် ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်၌ ပြိုင်ဆိုင်မှုများ ပြင်းထန်လျက်ရှိပြီး OpenAI နှင့် Anthropic တို့အပါအဝင် နည်းပညာကုမ္ပဏီများကလည်း အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှားမှ အဓိကကုန်စည်များ ပြည်ပသို့တင်ပို့မှုကို ဗဟိုအစိုးရက ကိုင်တွယ်ဆောင်ရွက်သွားမည်ဟု ဆို



**ဂျကာတာ မေ ၂၀**

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် နိုင်ငံတော်အခွန်ဘဏ္ဍာ တိုးမြှင့်ရန်နှင့် မိမိတို့နိုင်ငံ၏ ပေါများသော သဘာဝသယံဇာတအမျိုးမျိုးအပေါ် ထိန်းချုပ်မှုကို ပိုမိုတင်းကျပ်ရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် အဓိကကုန်စည်များ ပြည်ပသို့တင်ပို့မှုကို ဗဟိုအစိုးရက ကိုင်တွယ်ဆောင်ရွက်သွားမည်ဟု သမ္မတ ပရာဘိုဝိုဆူဘီယန်တိုက မေ ၂၀ ရက်တွင် ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၃၄ နှစ်တာကာလအတွင်း အင်ဒိုနီးရှားနိုင်ငံ၏ ကုန်စည်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချခဲ့ရခြင်းကြောင့် နိုင်ငံတော်အနေဖြင့် အမေရိကန်ဒေါ်လာ ၉၀၈ ဘီလီယံအထိ အခွန်ဘဏ္ဍာ ဆုံးရှုံးခဲ့ရသည်။

အနာဂတ်တွင် စားအုန်းဆီနှင့် ကျောက်မီးသွေးကဲ့သို့သော အဓိကပို့ကုန်များကို ဗဟိုအစိုးရပိုင် လုပ်ငန်းတစ်ခုမှတစ်ဆင့် ရောင်းချသွားမည်ဖြစ်ကြောင်း ပရာဘိုဝိုက လွှတ်တော်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

ကမ္ဘာ့ကုန်စည်ထုတ်လုပ်မှုတွင် အင်အားကြီးနိုင်ငံတစ်ခုဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် အပူစွမ်းအင်သုံး ကျောက်မီးသွေးနှင့် စားအုန်းဆီတို့ကို အများဆုံးတင်ပို့နေသည့် နိုင်ငံဖြစ်သည်။

မိမိဦးဆောင်သည့် အင်ဒိုနီးရှားအစိုးရအဖွဲ့သည် ကုန်စည်ပို့ကုန်စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းတစ်ရပ်ကို ထုတ်ပြန်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တရုတ်နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း သေဆုံးသူ ၂၂ ဦးအထိ မြင့်တက်၊ ၂၀ ဦး ပျောက်ဆုံးနေ

**ပေကျင်း မေ ၂၀**

သီတင်းပတ်နှောင်းပိုင်းမှစ၍ တရုတ်နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းတစ်ခွင်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူဦးရေသည် ၂၂ ဦးအထိ မြင့်တက်လာပြီး ၂၀ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဆင်ဟွာ သတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံတွင် သဘာဝဘေးအန္တရာယ်များနှင့် ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များသည် ဖြစ်နေကျဖြစ်ပြီး အထူးသဖြင့် နွေရာသီတွင် အချို့သောဒေသများ၌ မိုးသည်းထန်စွာရွာသွန်းမှုကို ကြုံတွေ့ရကာ အချို့ဒေသများတွင်မူ ပြင်းထန်သောအပူရှိန်ကြောင့် ပူပြင်းခြောက်သွေ့လျက်ရှိသည်။

မကြာသေးမီရက်ပိုင်းအတွင်း တရုတ်နိုင်ငံတစ်ဝန်းရှိ ဒေသအများအပြားတွင် စံချိန်တင်မိုးရွာသွန်းမှုများ ကြုံတွေ့ခဲ့ရကြောင်း နိုင်ငံပိုင်ရုပ်သံလိုင်းဖြစ်သော စီဂျီတီအန်င်က ထုတ်လွှင့်ခဲ့ပြီးနောက် စာသင်ကျောင်းများနှင့် လုပ်ငန်းခွင်များကို ယာယီရပ်နားထားရပြီး ကယ်ဆယ်ရေးရန်ပုံငွေများကိုလည်း ခွဲဝေချထားပေးနေရကြောင်း သိရသည်။

**Mon**

STOP
AIDS

## စမတ်မျက်မှန်ဈေးကွက်သို့ တစ်ကျော့ပြန်ဝင်ရောက်ရန်အတွက် စမတ်မျက်မှန်အသစ် ဒီဇိုင်းကို ဂူဂဲလ်ကုမ္ပဏီက ထုတ်ဖော်ပြသ

**ဝါရှင်တန် မေ ၂၀**

ဂူဂဲလ်ကုမ္ပဏီသည် လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုကျော်က ဝင်ရောက်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့သည့် စမတ်မျက်မှန်ဈေးကွက်သို့ တစ်ကျော့ပြန်ဝင်ရောက်ရန်အတွက် စမတ်မျက်မှန်အသစ်၏ ဒီဇိုင်းကို မေ ၁၉ ရက်တွင် ထုတ်ဖော်ပြသလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယခုနှစ် နှောင်းပိုင်းတွင် ရောင်းချရန် မျှော်မှန်းထားသည့် အဆိုပါမျက်မှန်များသည် အနည်းဆုံး အစုံရေခုနစ်သန်းခန့် ရောင်းချထားရသည့် ရေးဘန်းစမတ်မျက်မှန်များဖြင့် ဈေးကွက်ကို ဦးဆောင်နေသော မေတာကုမ္ပဏီကို စိန်ခေါ်သွားမည်ဖြစ်သည်။

ဂူဂဲလ်၏ အသံအခြေပြု စမတ်မျက်မှန်ဟုခေါ်ဆိုသော ၎င်းမျက်မှန်များတွင် မိုက်ကရိုဖုန်း၊ ကင်မရာနှင့် စပီကာအသေးစားတစ်ခုပါဝင်မည်ဖြစ်ပြီး အသုံးပြုသူများအနေဖြင့် ဖုန်းခေါ်ဆိုခြင်း၊ သီချင်းနားထောင်ခြင်း၊ ဓာတ်ပုံရိုက်ခြင်းများနှင့် ဂျီမီနိုင်းအေအိုင်လက်ထောက်နှင့် စကားပြောဆိုခြင်းများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာအုပ်စု၊ အိုးဘိုရွာရှိ၊ အကွက်အမှတ်(၅၉၁)၊ ဦးပိုင်အမှတ်(၄၇)ထဲမှ ဧရိယာအရှေ့အနောက်ပေ(၃၀)၊ တောင်မြောက်ပေ(၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ပစ္စည်းအရပ်ရပ်တို့၏ အကျိုးခံစားပိုင်ခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီး လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင် အသုံးပြုလျက်ရှိသူဟု အဆိုပြုသူ ဦးစိုးလင်းအောင်(ဘ)ဦးသန်းဝင်း(၉/နထက(နိုင်)၁၅၉၂၅၀)ကိုင်ဆောင်သူနှင့် ကျွန်ုပ်၏မိတ်ဆွေတို့သည် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးတန်ဖိုးငွေအတွက် ကြိုတင်စရန်ငွေ အချို့ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း သက်ဆိုင်ရာ ပိုင်ဆိုင်ခွင့်အထောက်အထားစာချုပ်စာတမ်းမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်စင်မာဝင်း(ဘ)ဦးအဗ္ဗလာစစ်**
**၁၂/သဃက(နိုင်)၂၁၁၅၇၃**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စင်မာဝင်း (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၆၉၇)၊ မဟာနွယ်စဉ်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၉၅၆၄၁၅၉၄၂**

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၉)၊ ဦးပိုင်အမှတ်(၅)၊ ၆၁လမ်းနှင့်၆၂လမ်းကြား၊ ၁၂၂လမ်းနှင့်၁၂၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အာဖိန်း(၁၃/ကခန(နိုင်)၀၀၄၇၅၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၆၅၄/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးရဲမြင့်ဆွေ(၈/မမန(နိုင်)၁၆၉၂၅၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၄)၊ ဦးပိုင်အမှတ်(၁၃)၊ ၆၇လမ်းနှင့်၆၈လမ်းကြား၊ သဇင်ဖိုးလှကြီးနှင့်ယောမင်းကြီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်တင်မိုး(၉/မနမ(နိုင်)၀၂၇၈၂၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၄)၊ ဦးပိုင်အမှတ်(၆၂)၊ လမ်း၅၀နှင့်၅၁လမ်းကြား၊ ၁၁၀လမ်းနှင့်၁၁၁လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ညွန့်ရီ(၉/မနမ(နိုင်)၀၆၂၀၀၁၊ SGG-၁၀၉၈၈၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၀၂/၂၀၁၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သိန်းသိန်းဌေး(၉/မဟာမ(နိုင်)၀၀၁၁၅၉)က တောဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၈)၊ ဦးပိုင်အမှတ်(၅၀)၊ ၄၆လမ်းနှင့်၄၇လမ်းကြား၊ ၁၁၀လမ်းနှင့်၁၁၁လမ်းကြားရှိ ဦးဉာဏ်ဝင်းအမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးမောင်မောင်နိုင်၊ ဒေါ်ဆွေဇင်ထိုက်တို့က တရားပြိုင် ဦးဉာဏ်ဝင်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်၊ တရားရုံးတော် တရားမကြီးမှုအမှတ်(၂၆၈/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးမောင်မောင်နိုင်(၉/ကဆန(နိုင်)၀၀၈၁၇၂)၊ ဒေါ်ဆွေဇင်ထိုက်(၉/မရမ(နိုင်)၀၇၅၄၀၁)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၃)၊ဦးပိုင်အမှတ်(၁-ခ)၊ ၁၁၂လမ်း၊ ၅၄လမ်းနှင့်၅၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်သိန်းဝင်း(၉/ခအဇ(နိုင်)၀၁၁၀၈၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊အကွက်အမှတ်(ဖ-၁၉)၊ ဦးပိုင်အမှတ်(၁၄၉-က)၊ ၅၅လမ်း၊ ၁၁၁လမ်းနှင့်၁၁၂လမ်းကြားရှိ ဒေါ်ဟန်နွဲ့အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးဇော်ချိုကွမ်းက တရားပြိုင် ဒေါ်ဟန်နွဲ့(၄င်း၏ SP ရရှိသူ ဦးခင်မောင်သောင်း)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၉၅/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးဇော်ချိုကွမ်း(၁၃/မတတ(ပြု)၀၀၀၀၈၂)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက်၊ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ လမ်း၄၀နှင့်၄၁လမ်းကြား၊ ၈၄လမ်း၊ အကွက်(၅၁၁)တွင် နေထိုင်သူများဖြစ်သည့် ဦးထွန်းကြိုင် (ဘ)ဦးသောင်းကျော်(၉/မရတ(နိုင်)၀၅၅၁၀၃)၊ ဒေါ်ဆွေဆွေ(ခ)ဒေါ်ဂျမ်း (ဘ)ဦးသောင်းကျော် (၉/မရတ(နိုင်)၀၅၄၇၀၃)၊ ဦးညွန့်တင် (ဘ)ဦးသောင်းကျော် (၉/မရတ(နိုင်)၀၅၄၇၀၄)၊ ဒေါ်အမာတင် (ဘ)ဦးသောင်းကျော်(၉/မရတ (နိုင်)၀၅၄၇၀၅)နှင့် ဦးစိုးနောင်ဝင်း (ဘ)ဦးသောင်းကျော်(၉/မရတ(နိုင်)၀၅၄၇၀၆)ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

(၁) မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ လမ်း၄၀နှင့်၄၁လမ်းကြား၊ ၈၄လမ်း၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၁)၊ ဦးပိုင်အမှတ်(၆၀)၊ ဧရိယာ(၀ ဒသမ ၀၃၁၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံ အပါအဝင် နေထိုင်ပိုင်ဆိုင်သုံးစွဲပိုင်ခွင့်-အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၂) မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ လမ်း၄၀နှင့်၄၁လမ်းကြား၊ ၈၄လမ်း၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၁)၊ ဦးပိုင်အမှတ်(၆၁)၊ ဧရိယာ(၀ ဒသမ ၀၂၀၃)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံ အပါအဝင် နေထိုင်ပိုင်ဆိုင်သုံးစွဲပိုင်ခွင့်-အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၃) မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ လမ်း၄၀နှင့်၄၁လမ်းကြား၊ ၈၄လမ်း၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၁)၊ ဦးပိုင်အမှတ်(၅၉-စ)၊ ဧရိယာ(၀ ဒသမ ၀၁၃၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံ အပါအဝင် နေထိုင်ပိုင်ဆိုင်သုံးစွဲပိုင်ခွင့်-အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၄) မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ လမ်း၄၀နှင့်၄၁လမ်းကြား၊ ၈၄လမ်းနှင့်၈၅လမ်းကြား၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၁)၊ ဦးပိုင်အမှတ်(၆၇-၁)ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံ အပါအဝင် နေထိုင်ပိုင်ဆိုင် သုံးစွဲပိုင်ခွင့်-အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၅) မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ လမ်း၄၀နှင့်၄၁လမ်းကြား၊ ၈၅လမ်း၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၁)၊ ဦးပိုင်အမှတ်(၅၈-ဆ)ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံ အပါအဝင် နေထိုင်ပိုင်ဆိုင် သုံးစွဲပိုင်ခွင့်-အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၆) မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ လမ်း၄၀နှင့်၄၁လမ်းကြား၊ ၈၄လမ်းနှင့်၈၅လမ်းကြား၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၁)၊ ဦးပိုင်အမှတ်(၅၉-ဓ)၊ ဧရိယာ(၀ ဒသမ ၁၄၁၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံ အပါအဝင် နေထိုင်ပိုင်ဆိုင် သုံးစွဲပိုင်ခွင့်-အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၇) မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ လမ်း၄၀နှင့်၄၁လမ်းကြား၊ ၈၅လမ်း၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၁)၊ ဦးပိုင်အမှတ်(၆၆-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၈)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံ အပါအဝင် နေထိုင်ပိုင်ဆိုင် သုံးစွဲပိုင်ခွင့်-အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်

(၈) မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ လမ်း၄၀နှင့်၄၁လမ်းကြား၊ ၈၅လမ်း၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၁)၊ ဦးပိုင်အမှတ်(၅၉-င)ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံ အပါအဝင် နေထိုင်ပိုင်ဆိုင်သုံးစွဲပိုင်ခွင့်-အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁၁-၁၀-၂၀၁၈)ရက်တွင် ကျွန်ုပ်မိတ်ဆွေတို့ ညီအစ်ကိုမောင်နှမများ၏ လွတ်လပ်သော ကိုယ်ပိုင်သဘောဆန္ဒဖြင့် ပြုလုပ်ချုပ်ဆိုခဲ့သော သားချင်းတစ်စုစီမံခန့်ခွဲမှု ကတိစာချုပ်အရ ကျွန်ုပ်မိတ်ဆွေတို့ ခွဲဝေရရှိသော အမွေဝေစုများဖြစ်ကြပါသည်။

ကျွန်ုပ်မိတ်ဆွေတို့၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ယင်းမြေကွက်များအား လူပုဂ္ဂိုလ်တစ်ဦးဦးထံသို့လည်းကောင်း၊ အဖွဲ့အစည်းတစ်ရပ်ရပ်(သို့)ဘဏ်သို့လည်းကောင်း ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ စွန့်လွှတ်-လွှဲဒါန်းခြင်း အစရှိသည်တို့ကို မည်သူတစ်ဦးတစ်ယောက်မျှ လုံးဝ(လုံးဝ)မပြုလုပ်ကြပါရန် အလေးအနက် အသိပေးကြေညာအပ်ပါသည်။ ယခုကြေညာချက်အား မျက်ကွယ်ပြုပြီး ယင်းကိစ္စကို ဆက်လက်ဆောင်ရွက်၍ ဖြစ်ပေါ်လာသော အကျိုးဆက်အသီးသီးကို ပြုလုပ်သူများက အလုံးစုံ တာဝန်ယူရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိတ်စေတနာကောင်းဖြင့် ကျွန်ုပ်မိတ်ဆွေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန္ဒာမြင့်သိန်း (စဉ်–၈၀၃၆)**
ဒေါ်ချောစုမေ(စဉ်–၉၈၁၅)၊ ဒေါ်သုမွန်မွန်(စဉ်–၁၁၆၄၇)၊ ဦးပြည့်ဖြိုးအောင်(စဉ်–၁၂၆၄၂)၊ ဦးကျော်ကျော်နိုင် (စဉ်–၁၅၃၈၇)
ဦးထိုက်ထိုက်ဇော်(စဉ်–၉၄၈၂)၊ ဒေါ်နှင်းအိအိခိုင်(စဉ်–၁၅၅၃၆)၊ ဒေါ်ရွှေရည်ဝင့်နိုင်(စဉ်–၁၆၀၆၂)၊ ဒေါ်မြတ်စုစံ(စဉ်–၁၈၅၂၄)
**ဒေါ်နန်းအိအိလွင်(စဉ်–၁၈၈၁၁)၊ ဒေါ်ရွှန်းလဲ့လဲ့ရီ(စဉ်–၂၀၃၆၁)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(ဒီ–၄)၊ သီရိရိပ်သာ(၂)၊ ၆၅လမ်း၊ ၃၄လမ်းနှင့်၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉–၂၀၃၅၈၅၅၊ ၀၉–၄၂၀၇၄၄၈၄၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(တတ-၃၅)၊ ဦးပိုင်အမှတ်(၃၈-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်ချယ်ရီသင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးအောင်ကို(ဘ)ဦးစံလှ(၉/ဝတန(နိုင်)၁၁၃၅၃၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➢ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)ရပ်ကွက်၊ အကွက်အမှတ်(၁၈/ကွက်)၊ မြေယာအမှတ်(၁၅၀)၊ ဦးပိုင်အမှတ်(၁၀၃)၊ ဧရိယာ(၀ ဒသမ ၁၁၀)ဧက အကျယ်အဝန်းရှိ ဒေါ်ထွေးရီ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ် အဆောက်အအုံ၊ ရေ+မီးမီတာ၊ ဝင်းခြံအကာအရံ အပါအဝင် နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်၊ ဆက်လက်သုံးစွဲခွင့်များအားလုံးတို့ကို လက်ရှိတရားဝင် အမွေဆက်ခံပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ယဉ်ယဉ်မြင့်(ဘ)ဦးလှမော်(၉/မနမ(နိုင်)၀၂၃၉၇၄)နှင့် ဒေါ်ဆုမြသက်(ဘ)ဦးမိုးမြင့်သူ(၅/စကန(နိုင်)၃၄၂၃၄၂)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**(ရှေ့နေဦးခင်မောင်ဝင်း) B.A, H.G.P, RL(II), DBL ၏တပည့်များ**
**ဦးစိုင်းဝဏ္ဏ(LL.B) ဦးသူရလင်း(LL.B)**
**(တရားလွှတ်တော်ရှေ့နေများ)**
**UKMW-LAW FIRM**
**အကွက်(၇၇၅)၊ ၂၈လမ်းနှင့် လမ်း၇၀ထောင့်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၀၀၅၀၆၂၊ ၀၉-၂၅၉၁၁၁၈၇၁**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၂)၊ ဦးပိုင်အမှတ်(၆)၊ ၆၀Aလမ်းနှင့် ၆၀Bလမ်းကြား၊ ၁၃၄လမ်းနှင့် ၁၃၅လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးဘမြင့် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ခင်လုံ(၉/မနမ(နိုင်)၀၁၉၄၉၃)က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၉)၊ ဦးပိုင်အမှတ်(၂၀)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၂၂လမ်းနှင့် ၁၂၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အာဖိန်း(၁၃/ကခန(နိုင်)၀၁၄၇၅၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၆၅၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးရဲမြင့်ဆွေ(၈/မမန(နိုင်)၁၆၉၂၅၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်(၁၆၁)၊ ဦးပိုင်အမှတ်(၄-ဃ)၊ မြေကွက်ပေါ်တွင် ဒေါ်နန်းခမ်းဟွမ် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မဆတ(နိုင်)၀၄၈၀၄၇)က SS(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၃)၊ ဦးပိုင်အမှတ်(၁)၊ မြေကွက်ပေါ်တွင် ဦးဌေးမြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မထလ(ပြု)၀၀၀၀၀၉)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၅၁)၊ ဦးပိုင်အမှတ်(၂-ဒ)၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၆၉လမ်းရှိ ဒေါ်လှလှမြင့် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၃၀၅/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးချစ်ထွန်း(၉/မရတ(နိုင်)၀၂၀၀၇၈)က အမှုတွဲအမှတ်(၀၂၀၂/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ပ-၂)၊ ဦးပိုင်အမှတ်(၃၃-ခဲစင်း)၊ လမ်း၄၀နှင့် ၄၁လမ်းကြား၊ လမ်း၆၀နှင့် ၆၁လမ်းကြားရှိ ဦးပေါလှ အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၅၄၇/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ခင်တင့်၊ ဦးတင်မောင်ဝင်းတို့ (၂)ဦးအနက် ဦးတင်မောင်ဝင်းထံမှ စွန့်လွှတ်စာချုပ်အမှတ်(၂၈၁၉/၂၀၂၄)ဖြင့် လက်ခံခဲ့သူ ဒေါ်ခင်တင့်(၉/မရမ(နိုင်)၀၇၂၅၀၆)က အမှုတွဲအမှတ်(၀၂၁၀/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ဒေါ်ချိုချိုမာ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးသန်းထွန်းနောင်၏ (၉-၅-၂၀၂၆)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ(၂၂)ပါ ဦးအောင်ဇော်မြင့်နှင့် အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်နေ ဦးအောင်ဇော်မြင့်(၉/ပကခ(နိုင်)၀၀၇၆၈၁)၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးသန်းထွန်းနောင်(ဘ)ဦးမရန်နော၏သမီး ဒေါ်ချိုချိုမာ(၉/အမရ(နိုင်)၀၀၃၀၈၄)တို့နှင့် အများသိစေရန် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်ချိုချိုမာ၏ (၉-၅-၂၀၂၆)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ စာမျက်မှာ(၂၂)ပါကြေညာချက်တွင် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ လမ်းသွယ်(၂)၊ အကွက်အမှတ်(၅၈၉)၊ ဦးပိုင်အမှတ်(က/၄၁)၏ အနောက်ဘက်ခြမ်း(ပေ ၂၀ × ပေ ၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဇော်မြင့် အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်သည်ဆိုသော အချက်မှလွဲ၍ ကျန်ကြေညာချက်ပါအချက်များသည် မှန်ကန်မှုမရှိခြင်း၊ သဘာဝယုတ္တိမကျခြင်း၊ မည်ကဲ့သို့မျှမဖြစ်နိုင်သော အကြောင်းအရာများကို အများသူငါ ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်၍ ကြေညာခဲ့ခြင်းသာလျှင်ဖြစ်သောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အတိအလင်းငြင်းဆိုပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဇော်မြင့်က အထက်ဖော်ပြပါ မြေကွက်အား(၁၇-၆-၂၀၀၂)ရက်က ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိသည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ ဒေါ်ချိုချိုမာအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဇော်မြင့် ဝယ်ယူထားသော အထက်ဖော်ပြပါ ပိုင်းမြေကွက်နှင့်ပတ်သက်၍ ပြည့်စုံခိုင်လုံသော အထောက်အထားများမရှိဘဲ ယခုကဲ့သို့ ကြေညာခဲ့ခြင်းသည် ကျွန်ုပ်မိတ်ဆွေ၏ဂုဏ်သိက္ခာအပေါ် ကြီးစွာသောထိခိုက်နစ်နာမှုဖြစ်ပေါ်စေသောကြောင့် ယခု သတင်းစာကြေညာချက်ဖြင့် အသိပေးပါသည်။ ပြည့်စုံခိုင်လုံသောအထောက်အထားများရှိခဲ့ပါက ကျွန်ုပ်၏မိတ်ဆွေထံ လာရောက်ရှင်းလင်းပြောကြားနိုင်ကြောင်း အသိပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ချိုချိုမာ၏ (၉-၅-၂၀၂၆)ရက်စွဲပါ ဦးအောင်ဇော်မြင့်နှင့် အများသိစေရန် သတင်းစာကြေညာချက်ပါ အချက်အလက်များသည် မမှန်မကန်ဖော်ပြကြေညာခဲ့သည့်အပေါ် ဒေါ်ချိုချိုမာအနေဖြင့် အမြန်ဆုံးပြန်လည်တောင်းပန်ဖြေရှင်းပြောကြားပေးပါရန် အသိပေးကြေညာပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဇော်မြင့်ထံ ဒေါ်ချိုချိုမာအနေဖြင့် အမြန်ဆုံးပြန်လည်တောင်းပန်ဖြေရှင်းပြောကြားပေးပါရန်(သို့မဟုတ်)နောင်တွင်ဆက်လက်၍ မမှန်မကန်ဖော်ပြကြေညာခဲ့ပါက တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ချိုချိုမာ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးထက်အောင်ကျော်(စဥ်–၄၈၆၉၈) (အထက်တန်းရှေ့နေ)**
**LL.B, D.B.L, D.I.L**
**အကွက်(၃၁၃)၊ ဒေးဝန်းအနောက်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➢ ၀၉-၄၄၄၀၃၄၂၇၅**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၁)၊ ဦးပိုင်အမှတ်(၄၂-ခဲစင်း)၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြား၊ ၄၉လမ်းနှင့် လမ်း၅၀ကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ တပ်ကြပ်မြဌေးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၆၅၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးဖန်တဲ့ဟုန်(၁၃/ကခန(နိုင်)၀၁၂၆၁၉)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၂၁၁/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ပတ်ဝန်းကျင်သန့်ရှင်း**
**အိမ်တွင်းလည်းမကျန်ပါ**
**လူတိုင်းသာလိုက်နာကြ**
**မြို့တော်လှပ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(တတ-၄၂)၊ ဦးပိုင်အမှတ်(၁၈-ခဲစင်း အရှေ့ခြမ်း၊ အနောက်ခြမ်း)၊ ၅၃လမ်းနှင့် ၅၄လမ်းကြား၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်တင့်(၉/မနတ(နိုင်)၀၈၄၆၁၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၈၃/၂၀၀၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသဲမောင်(၉/တတဥ(နိုင်)၀၈၃၅၅၇)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၇၆)၊ ဦးပိုင်အမှတ်(၇၄+၈၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁ + ၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်များသည် ဒေါ်စာနည်အောင် တရားဝင် ပိုင်ဆိုင်သော ဂရန်မြေကွက်များ ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်များ၏ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများထဲမှ ဝင်ငွေခွန်ကင်းရှင်းကြောင်း ချလန်စာရွက် (ဝင-၈)မူရင်းမှာ ကျွန်မ၏လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသည်။ အကယ်၍ ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ကြေညာသူထံသို့ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ကြေညာသူ –**

**ဒေါ်စာနည်အောင် (၉ /မနမ(နိုင်)၁၁၉၁၈၇)**

**အမရဌာနီအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၆၁၆၆၄၅၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁)၊ ဦးပိုင်အမှတ်(၁၆)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးအောင်ရင်(ခ)ထင်မြင့် အမည်ဖြင့်ချထားပေးသော စလစ်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်သန်း(ဘ)ဦးအောင်စိန်(၉/မရမ (နိုင်)၀၂၉၀၆၅၊ PAG-၀၉၈၈၉၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ပိုင်း ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စလစ်မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးဝင်းဇော်ထူး (LL.B)　　ဦးခန့်ဝေဖြိုး (LL.B)**

**အထက်တန်းရှေ့နေများ**

**၄၅လမ်းနှင့် ၄၆လမ်းကြား၊ ၁၁၇လမ်းနှင့် ၁၁၈လမ်းကြား၊ မြရည်နန္ဒာအိမ်ရာ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၁၈၈၇၄၈၊ ၀၉-၄၄၇၉၉၉၃၅၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၆)၊ ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ(၀ ဒသမ ၀၃)ဧကရှိ ဒေါ်ခင်မျိုးခန့် အမည်ပေါက် ဂရန်မြေကွက် မြေသက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီတာ(၁)လုံး၊ လျှပ်စစ်မီတာ(၂)လုံး အပါအဝင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုကမ်းလှမ်းရောင်းချသူများဖြစ်ကြသော ဦးကျော်ကျော်နိုင်(၃/ကကရ(နိုင်)၀၇၀၃၈၅)နှင့် ဒေါ်ခင်မျိုးခန့်(၉/လဝန(နိုင်)၀၀၀၇၃၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများ ပေးချေဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဇော်လှိုင်ဋ္ဌေး (B.A , PGDL)**

**အထက်တန်းရှေ့နေ**

**65 Tower ၊ မြေညီထပ်၊ ၆၄–ဘီလမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊**

**မဟာမြိုင်(၁)ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**Ph ; 09-402550551 , 09-792888551 , 09-426806829**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၄)၊ ဦးပိုင်အမှတ်(၆၂)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးလေးစိန် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်စန္ဒာလင်း(ဘ)ဦးသန်းစိန်(၉/မဟမ(နိုင်)၀၀၀၄၄၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**

**ဦးကျော်လှိုင်ဝင်း　ဒေါ်စီစီစိန်　ဒေါ်လှဲ့လှဲ့နွယ်　ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊**

**(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၃)၊ ဦးပိုင်နံပါတ်(၁၂-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးလှမြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ဝင်းရီမော်(ဘ)ဦးလှမော်(၉/ခအဇ(နိုင်)၀၂၀၇၅၇)နှင့် ဒေါ်အေးမြတ်မွန်(ဘ)ဦးစိုးတင့်(၉/မဟမ(နိုင်)၀၁၈၀၉၁)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–　ဦးတင်အောင်မိုး (LL.B, LL.M)　ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ　တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစ်အောင်(LL.M)　ဦးဖြိုးသာခန့် (LL.B)　ဦးစည်သူအောင် (LL.B)　ဒေါ်သဲမို့မို့ထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ　အထက်တန်းရှေ့နေ　အထက်တန်းရှေ့နေ　အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၄)၊ ဦးပိုင်နံပါတ်(၈၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးသန်းထွန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်နိုင်(ဘ)ဦးထွန်းမောင်(၉/မရတ(နိုင်)၀၉၀၁၆၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–　ဦးတင်အောင်မိုး (LL.B, LL.M)　ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ　တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစ်အောင်(LL.M)　ဦးဖြိုးသာခန့် (LL.B)　ဦးစည်သူအောင် (LL.B)　ဒေါ်သဲမို့မို့ထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ　အထက်တန်းရှေ့နေ　အထက်တန်းရှေ့နေ　အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၃)၊ ဦးပိုင်နံပါတ်(၅၂-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၈၃)ဧက အကျယ်အဝန်းရှိ ဦးဇော်ဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကျန်စိုးပြေ(ဘ)ဦးကျန်ရုံးရှန်(၁၃/လရန(နိုင်)၀၇၇၂၅၁) [၎င်း၏ကိုယ်စား အစ်မဖြစ်သူ ဒေါ်ကြူကြူ(ဘ)ဦးကျန်ရုံးရှန်(၁၃/လရန(နိုင်)၀၇၇၁၃၅)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–　ဦးတင်အောင်မိုး (LL.B, LL.M)　ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ　တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစ်အောင်(LL.M)　ဦးဖြိုးသာခန့် (LL.B)　ဒေါ်ကောင်းစုဝမ်း (LL.B)　ဒေါ်မေစင်ဖြိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ　အထက်တန်းရှေ့နေ　အထက်တန်းရှေ့နေ　အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၈)၊ ဦးပိုင်နံပါတ်(၁၀၁-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ဇင်ဦး(ဘ)ဦးသိန်းထွန်း(၅/ဒပယ(နိုင်)၀၀၃၆၁၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–　ဦးတင်အောင်မိုး (LL.B, LL.M)　ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ　တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစ်အောင်(LL.M)　ဦးဖြိုးသာခန့် (LL.B)　ဦးစည်သူအောင် (LL.B)　ဒေါ်သဲမို့မို့ထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ　အထက်တန်းရှေ့နေ　အထက်တန်းရှေ့နေ　အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Ma Jia အား လက်ခံတွေ့ဆုံ

## မြန်မာ - တရုတ် နှစ်နိုင်ငံအကြား ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေး အမြင်ချင်းဖလှယ် ဆွေးနွေး



နေပြည်တော် မေ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Ma Jia အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာ - တရုတ် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့် အေးအတူပူအမျှ အသိုက်အဝန်း ပိုမိုခိုင်မြဲစေရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံ့ဝန်ထမ်းများနှင့် လူငယ်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ အမျိုးသမီးကဏ္ဍ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# တပ်မတော်စစ်ကြောင်းများက CDF ၊ CNA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် တွန်းဇံမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်

## တပ်မတော်မှ ချင်းပြည်နယ် မြောက်ပိုင်းဒေသတစ်ခုလုံးအား အလုံးစုံထိန်းချုပ်

နေပြည်တော် မေ ၂၀

ချင်းပြည်နယ် တီးတိန်ခရိုင်အတွင်းပါဝင်သည့် တွန်းဇံမြို့နယ်သည် ချင်းပြည်နယ်၏ မြောက်ဘက်ပိုင်းတွင်တည်ရှိသည့် တောင်တန်းဒေသမြို့တစ်မြို့ဖြစ်ပြီး အိန္ဒိယနိုင်ငံနှင့် နယ်စပ်ကုန်သွယ်စီးဆင်းမှုအတွက် အရေးပါသော ဒေသတစ်ခုဖြစ်သည်။ တွန်းဇံမြို့နယ်၏ တောင်ဘက်တွင် တီးတိန်မြို့၊ အရှေ့ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် မြောက်ဘက်နှင့် အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၏ Manipur နှင့် Mizoram ပြည်နယ်များတည်ရှိပြီး ဒေသခံပြည်သူများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကာ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ ရိုးရာပွဲတော်များဖြင့် အေးချမ်းစွာနေထိုင်ကြသည့် မြို့တစ်မြို့ဖြစ်သည်။

ထိုသို့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများဖြင့် အေးချမ်းပျော်ရွှင်စွာ နေထိုင်လျက်ရှိကြသည့် တွန်းဇံမြို့မှ ဒေသခံတိုင်းရင်းသား ပြည်သူများအား CRPH ၊ NUG အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏ လက်ဝေခံဖြစ်သော CDF ၊ CNA နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ၂၀၂၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နိုင်ငံရေးဖြစ်စဉ်များကြောင့် နိုင်ငံ၏ အချို့မြို့များတွင် ဖြစ်ပေါ်ခဲ့သည့် အစွန်းရောက်တို့၏ ဆူပူအကြမ်းဖက် ဆန္ဒပြမှုများအပေါ် အခွင့်ကောင်းယူကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို

စာမျက်နှာ ၉ သို့ ○



တွန်းဇံမြို့သို့ ဝင်ရောက်လာသည့် တပ်မတော်စစ်ကြောင်းများအား ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြစဉ်။

# ရက်(၁၀၀)စီမံချက်ဖြင့် မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ရေကောင်းရေသန့် ပိုမိုရရှိရေးအတွက် တိုးချဲ့ဆောင်ရွက်လျက်ရှိ

**မန္တလေး မေ ၁၉**

ရက်(၁၀၀)စီမံချက်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ရေကောင်းရေသန့် ပိုမိုရရှိရေးအတွက် ပြည်ကြီးတံခွန်မြို့နယ်အတွင်း တိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းကို ရေနှင့်သန့်ရှင်းမှုဌာနက ဆောင်ရွက်လျက်ရှိသည်။

ထိုသို့တိုးချဲ့ဆောင်ရွက်ရာတွင် ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေးလမ်းနှင့် ၆၂ လမ်းကြား၊ မြဝတီမင်းကြီးလမ်းနှင့် ကိုလံဘိုမြောင်းအနီး ချမ်းမြသာယာရပ်ကွက်ရှိ ရေဖြန့်ဖြူးဇရိယာအတွင်း ပြည်သူများ ရေကောင်းရေသန့် ပိုမိုရရှိစေရန် ရည်ရွယ်၍ အမှတ်(၁၅)ရေတွန်းစက်ရုံ၏ ရေအရင်းအမြစ်ဖြစ်သော စက်ရေတွင်း ငါးတွင်းအနက်မှ အချင်း ၁၂ လက်မ စက်ရေတွင်းအမှတ်(၅၁)မှာ တွင်းအနက်ပေ(၅၀၀)၊ တွင်းအကျယ် ၁၂ လက်မ၊ ပန့်အနက်ပေ ၂၀၀၊ အသုံးပြုပန့်အင်အား 67KW ရေထွက်နှုန်း 35000GPH ၊ အသုံးပြုလူဦး ရေ ၁၁၀၀၀ ဦးခန့်၊ အကျိုးပြု အိမ်ထောင်စု ၂၂၀၀ ခန့် ရရှိမည့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို မေ ၁၆ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး မေ ၂၃ ရက်တွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးမည်ဖြစ်ကြောင်း ရေနှင့်သန့်ရှင်းမှုဌာန၊ ပြည်ကြီးတံခွန်မြို့နယ် တာဝန်ခံဌာနစုမှူး အင်ဂျင်နီယာ ဒေါ်ခင်မာထွေးက ပြောသည်။

အဆိုပါ စက်ရေတွင်းပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ရေထုတ်ပိုက်တိုးချဲ့ပြီးစီးပါက ယခင်ကထက် တစ်ရက်လျှင် ရေဂါလန် ၇၀၀၀၀-၈၀၀၀၀ တိုးတက်ထုတ်ယူရရှိမည်ဖြစ်ပြီး လူဦးရေ ၂၀၀၀ ခန့်နှင့် အိမ်ခြေ ၅၀၀ ခန့်ကို ရေပိုမိုပေးဝေနိုင်မည်ဖြစ်သည်။

ချမ်းမြသာယာရပ်ကွက် အမှတ်(၁၅) ရေတွန်းစက်ရုံမှာ ယခင်က နေ့စဉ် ရေဂါလန် ၈၀၀၀၀၀ ခန့်ကို ဖြန့်ဝေပေးလျက်ရှိရာ ယခုလုပ်ငန်းပြီးစီးပါက ယခင်က စက်မောင်းချိန် ၈ နာရီသာဖြန့်ဝေပေးလျက်ရှိရာမှ ယခုစီမံချက်ဖြင့် တိုးချဲ့ဆောင်ရွက်လျက်ရှိရာ စက်မောင်းချိန် ၁၀ နာရီ မောင်းပြီး ထပ်တိုး ၂ နာရီ ထုတ်ယူနိုင်သောကြောင့် မြို့နယ်အတွင်း ရေလိုအပ်လျက်ရှိသော နေရာများကို တိုးချဲ့ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ထိုသို့ အမှတ်(၁၅)ရေတွန်းစက်ရုံမှ ချမ်းမြသာယာရပ်ကွက်ရှိ ရေဖြန့်ဖြူးဇရိယာအတွင်း ဖြန့်ဖြူးလျက်ရှိရာ အဓိကအသုံးပြုသည့် လျှပ်စစ်ဓာတ်အားကို လျှော့ချနိုင်ရန်အတွက် 50KW On-Grid Solar System တပ်ဆင်အသုံးပြုလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၂၀

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

